**မြဝတီ နေ့စဉ်**

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၃၃)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Tor Saralamba သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဦးစွာ ထိုင်းနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၊ ဂုဏ်ပြုဆောင်ခန်းမကြီးသို့ရောက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့်ထိုင်းနိုင်ငံအလံတို့အား အလေးပြုသည်။ ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

**မြဝတီ ယနေ့ဖတ်စရာ**


**ကွန်ပျူတာတက္ကသိုလ် (မုံရွာ)၌ ပရောဂျက်ပြပွဲကျင်းပ** စာ -၁၅ သို့

**ဖလမ်းမြို့နယ်အတွင်း ဒေသခံပြည်သူ ၄၁၅၉၀ ဦး နေရပ်ပြန်လည်နေထိုင်** စာ -၁၁ သို့

**ခေတ်အဆက်ဆက် ပြောင်းလဲလာသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်များ** ဆောင်းပါး၊ စာ -၁၃ သို့


## မြန်မာ–ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖိတ်ခေါ်

စာ -၁၀ သို့

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှအဖွဲ့ဝင် အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄၀ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရထံ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများလွှဲပြောင်းအပ်နှံစဉ်။

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ

စာမျက်နှာ ၈ ကော်လံ ၁ ❐

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်–ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




## ခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်များပြေးဆွဲပေးမည်

နေပြည်တော် ဩဂုတ် ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားအမှတ်

စာမျက်နှာ ၉ ကော်လံ ၁ ❍

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၉ ရက်)

# ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်

မြန်မာနိုင်ငံတွင် စည်းကမ်းစနစ်ကျနစွာဖွဲ့စည်းထားသောတပ်မတော်တစ်ရပ် ကျစ်လျစ်ခိုင်မာစွာရှိနေခြင်းကြောင့် ၁၉၈၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် မြေပေါ်မြေအောက် အဖျက်သမားတို့၏ တိုင်းပြည်ဆူပူအုံကြွစေမှုနှင့် မင်းမဲ့စရိုက်ဆန်သောလုပ်ရပ်များကြောင့် ဆိုးရွားစွာဖြင့် တိုင်းပြည်ပြိုကွဲမည့်အခြေအနေကို အောင်မြင်စွာ ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်။ ထိုသို့ကာကွယ်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်တွင် လေ့ကျင့်ရေးမူဝါဒအဖြစ် ချမှတ်ခဲ့သည့် **“ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်”** ဟူသော အချက် ၃ ချက် အတိုင်း ခေါင်းဆောင်များ မွေးထုတ်ပေးနေသည့် တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများအနေဖြင့် စနစ်တကျသင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်သည်။

စစ်တက္ကသိုလ်သည် လေ့ကျင့်ရေးနှင့်ပတ်သက်ပြီး လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိများ မွေးထုတ်ပေးရန်ဖြစ်ပြီး ၎င်း၏အဓိကတာဝန်မှာစစ်ဘက်ဆိုင်ရာခေါင်းဆောင်များမွေးထုတ်ပေးခြင်းဖြစ်သည်။ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့သည် ဖွင့်လှစ်ရသည့်ရည်ရွယ်ချက် အသီးသီးရှိသော်လည်း အရည်အချင်းရှိသူများအား မွေးထုတ်ပေးသည့်တက္ကသိုလ်များသာဖြစ်သည်၊ အရာရှိကောင်းများဖြစ်စေရန် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ပါ ပြည့်ဝရန်လိုအပ်ပြီး Training နှင့်ပတ်သက်ပြီး အလေးထားလုပ်ဆောင်ရမည်ဖြစ်သည်။ စစ်ခေါင်းဆောင်များသည် စဉ်းစားဆင်ခြင်တုံတရားနှင့် သတ္တိရှိရှိ၊ တည်ငြိမ်စွာဖြင့် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရမည်ဖြစ်သည်။

**ချွေးထွက်များမှသွေးထွက်နည်းမည်**ဆိုသည့် ဆောင်ပုဒ်အတိုင်း လေ့ကျင့်ကြရမည်ဖြစ်ပြီး စစ်သားတစ်ယောက်ဖြစ်သည့်အတွက် ခန္ဓာကိုယ်ကြံ့ခိုင်ရန် လေ့ကျင့်ရေးပိုင်းအား စနစ်တကျဆောင်ရွက်ရန် လိုအပ်သည်။ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်သည်။ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တိုက်ပွဲဝင်နိုင်အောင် မိမိဘက်ကအသင့်ဖြစ်နေရပေမည်။

ထို့ပြင် ခံ၊ ခွာ၊ ချီ၊ တိုက် ဥပဒေသများ၊ စစ်အခြေခံသဘောတရားများသည် ပြောင်းလဲမှုမရှိဘဲ ၎င်းပေါ်တွင်အခြေခံ၍ စစ်အတတ်ပညာများပြောင်းလဲနေခြင်းဖြစ်ပြီး စစ်မြေပြင်စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်သည်။ ပြောင်းလဲနေသည့် စစ်ပညာရပ်များနှင့် တိုးတက်လာသည့် နည်းပညာများအား အမြဲတမ်းလေ့လာနေရမည်ဖြစ်ပြီး ပြောင်းလဲမှုများအား အံဝင်ခွင်ကျဖြစ်အောင်လေ့ကျင့်၍ ဥပဒေသများအား လိုက်နာရမည်ဖြစ်သည်။ လေ့ကျင့်ရေးကျောင်းများတွင် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဟူသည့် ဆောင်ပုဒ်ရှိပြီးဖြစ်၍ စစ်မှုထမ်းနေသည့်ကာလတစ်လျှောက်လုံးတွင် ၎င်းအချက် ၃ ချက်အား အမြဲတမ်း လိုက်နာဆောင်ရွက်နေရမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဩဂုတ်လ ၂၇ ရက်မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့ရှိ နည်းပြများနှင့် ဗိုလ်လောင်းများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် တပ်နယ်မှအရာရှိ၊ စစ်သည်များအား စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် **“စည်းကမ်းပိုင်းဆိုင်ရာများအနေဖြင့် အမိန့်နှင့်ညွှန်ကြားချက်များသည် စည်းကမ်းစနစ်တကျရှိစေရန်အတွက် ထုတ်ပြန်ထားခြင်းဖြစ်ပြီး စစ်စည်းကမ်းပိုင်းဆိုင်ရာများတွင် လိုက်နာမှုမရှိပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်လာနိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းသည်တပ်မတော်၏ကျောရိုးဖြစ်သောကြောင့် စည်းကမ်းကောင်းလျှင် တပ်မတော်သားကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ပြီး တပ်မတော်သားကောင်းများပေါင်းလျှင် စည်းကမ်းရှိသောတပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ စည်းကမ်းတကျနေတတ်သည့် အကျင့်များကို ဗိုလ်လောင်းဘဝမှစတင်၍ လေ့ကျင့်ရန်လိုအပ်ပြီး ရောင့်ရဲတင်းတိမ်နိုင်သည့်စိတ်ဖြင့် လုပ်ငန်းတာဝန်ကို ကျေပွန်လိုစိတ်ဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း”** လမ်းညွှန်ပြောကြားခဲ့သည်။

စည်းကမ်းရှိသည့်အဖွဲ့အစည်းသည် စနစ်တကျနှင့်ကြာရှည်တည်တံ့ခိုင်မြဲသည်။ နိုင်ငံရေးအပြောင်းအလဲ တိုင်းတွင် တပ်မတော်မပြိုကွဲခြင်း၊ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နိုင်ခြင်းတို့မှာ စည်းကမ်းကိုတိကျစွာ လိုက်နာကျင့်သုံး၍ဖြစ်သည်။ စည်းကမ်းရှိမှတိုးတက်မည်ဟူသောစကားကို အလေးအနက်ထားကာ ငယ်စဉ်ကလေးဘဝမှတပ်မတော်သားဖြစ်လာသည့်တိုင် စည်းကမ်းနှင့်နေထိုင်သွားလာခြင်း၊ စားသောက်ခြင်းတို့ဖြင့် ဘဝကိုတိုးတက်အောင် ကြိုးစားကြရမည်ဖြစ်သည်။

ခေါင်းဆောင်မှုဆိုင်ရာအနေဖြင့် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့နှင့် ပြည့်စုံသည့်နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့်ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်သည်။ မိမိကွပ်ကဲမှု အောက်ရှိအရာရှိ၊ စစ်သည်များအား ညီညွတ်မျှတမှုရှိသည့် ခေါင်းဆောင်မှုပေးအပ်ရန်လိုအပ်ပြီး မိမိကိုယ်တိုင် အနေဖြင့်လည်း အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်သည်။ အနှစ်ချုပ်ဆိုရသော် လေ့ကျင့်ရေးမူဝါဒအဖြစ်ချမှတ်ခဲ့သည့် **ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်**ဟူသော အချက် ၃ ချက်အတိုင်း လိုက်ပါလုပ်ဆောင်ရင်း စည်းကမ်းရှိသူများဖြစ်အောင် နေထိုင်ကျင့်သုံးကြရန် ဖြစ်ပါကြောင်း။ ။

# ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# စိုက်ပျိုးမြေဧက ၅၀၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

လဲချား ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လဲချားမြို့နယ် ဖွေးဟိုင်းကျေးရွာ၌ စိုက်ပျိုးမြေဧက ၅၀၀ ကျော် အကျိုးပြုမည့် ကုန်ထုတ်လမ်းသဲဖြူနှင်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ်လ ၂၇ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လွိုင်လင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ လွိုင်လင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက လမ်းကော်မတီဝင်များနှင့်အတူ ဖွေးဟိုင်းကျေးရွာ၌ ကုန်ထုတ်လမ်းသဲဖြူနှင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ဖွေးဟိုင်းကျေးရွာ၌ အရှည်ပေ ၂၆၄၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိသည့် သဲဖြူနှင်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ စိုက်ပျိုးမြေဧက ၅၇၀ ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ **စန္ဒာလွင်(ကျေးလက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၂၆(စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၀ ဓမ္မပူဇာတေး
၃။ ၀၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၀၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၈:၄၀ မောင်မယ်လေးများသိစေချင်
၆။ ၀၈:၅၀ တွေးမယ်ဖြေမယ်
၇။ ၀၉:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၉။ ၁၀:၄၅ လူသားတို့နှင့်ဆိုက်ဘာအန္တရာယ်
၁၀။ ၁၁:၁၅ ပြည်သူ့ကြားက ပြည်သူ့စကား
၁၁။ ၁၁:၄၀ ပန်းတို့၏အလှတရား
၁၂။ ၁၂:၃၀ လေးစားအတုယူစရာ စံနမူနာသူရဲကောင်းများ
၁၃။ ၁၄:၁၅ ကျန်းမာသုတ
၁၄။ ၁၄:၄၅ တစ်ချိန်ကသူတို့အကြောင်း
၁၅။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း သူရဲကောင်းဖေဖေ သရုပ်ဆောင်-သက်ပိုင်၊ ဟန်ဆက်လူ၊ မိုးပွင့် ဒါရိုက်တာ-အောင်ဘုန်းခိုင်**
၁၆။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၉-၈-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင် တေးသံစဉ်

မြဝတီ နေ့စဉ် the Myawady Daily

Online Newspaper

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးရဲစိုးအောင်

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## မြိတ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများက နယ်မြေခံဆေးကုသရေးအဖွဲ့မှ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်တစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။


## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်လန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ကျင်းပပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်၊ ထို့ပြင်တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)





အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့်တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## သုံးခွမြို့နယ်ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ထုံးကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ ထုံးကြီးအရှေ့ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁ ပါးနှင့် ဒေသခံပြည်သူ ၁၆၈ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"ဦးပြောတဲ့ မြို့အုပ်ကလေးဆိုတာ နောက်ရောက်လာတဲ့ ကိုသိန်းတင်မှတ်တယ်၊ မိမိရီနဲ့ မိတ်ဆွေပဲမဟုတ်လား" ဟုမေး၍ မိမိရီက ခေါင်းညိတ်လေလျှင် "လူကောင်းကလေးပေပဲဗျာ ဒီလိုလူတော့ ဘယ်လိုမိန်းကလေးကမှ ငြင်းပယ်ဖို့မရှိပါပေဘူး"

"ဟုတ်ပါရဲ့ လူကောင်းကလေးပါပဲ၊ ဒါနဲ့ရှင် ဖေဖေက ပြောတာအဟုတ်လား"

"ဘာပြောလို့လဲ"

"ခုတင်က ပြောတာလေ၊ ခုတင်က ပြောတာလေ၊ နယ်ပိုင်ဝန်ထောက်မင်း သမီးနဲ့ဆို"

"မဟုတ်ပါဘူး မိမိရီရယ်၊ အလကားပြောကြတာပါ၊ ကျုပ် ဒီတစ်သက်နောက်အိမ်ထောင်ပြုမယ်မကြံဘူး၊ မိမိရီက အံ့ဩသလား၊ သူ့တစ်သက်ကျုပ်တစ်သက် နောက်အိမ်ထောင်မပြုတော့ဘူး မိမိရီရဲ့" ဟု ပြော၍ မိုးချုပ်သည်နှင့် နှုတ်ဆက်ပြီး မောင်ထွန်းမြတ်သည် ဆင်းသွားလေ၏။

■ ■ ■ ■ ■

**အခန်း (၂၄)**

ဝတ်လုံတော်ရမင်း ဦးသာဒင်ပြန်သွားပြီးသည့်နောက် တစ်လခန့်ကြာလျှင် ခင်စိန်ကြည်သည် ယင်းရွာမှ ပြောင်းရွှေ့နေထိုင်ရန် ကြံစည်ပါသော်လည်း ကောင်းမွန်စွာ မကျန်းမာသေးသည်နှင့် အထက်က အိမ်ကြီး၌ပင် ဆက်လက်နေထိုင်လျက်ရှိသေး၏။ ခင်စိန်ကြည်သည် မိမိဝမ်းစာကိုမျှ မိမိရှာကြံမစားနိုင်ဘဲ ဦးလေး ဝတ်လုံတော်ရမင်းက ကြည့်ရှုစောင့်ရှောက်ပေးသဖြင့် သူတစ်ပါး၏နှာခေါင်းနှင့် အသက်ရှူဆိုသည့်စကားကဲ့သို့ ဦးလေးကိုသာ အားကိုး၍နေရသဖြင့် မိမိလည်း မကျန်းမာ ကလေးကလည်းတစ်ဖက်နှင့် သူတစ်ပါးရပ်ရွာ၌ အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှမရှိဘဲ နေထိုင်ရသည့်အတွက် မည်မျှစိတ်ဒုက္ခရောက်ရှာလိမ့်မည်ကို ပြဆိုရန်မလိုချေ။ သေရခြင်းသည် ဤကဲ့သို့သောအဖြစ်ထက် မြတ်သေး၏ဟု မကြာမကြာအောက်မေ့မိလေ၏။

တစ်နေ့သ၌ ခင်စိန်ကြည်သည် အိပ်ရာတွင်လှဲလျက် ဖယောင်းတိုင်နှင့် စာတစ်အုပ်ကိုဖတ်၍နေရာ တစ်ခါတစ်ရံ၌လည်း စာတွင် စိတ်ရောက်၍ တစ်ခါတစ်ရံ၌လည်း မိမိ၏ခင်ပွန်းနှင့်ကလေးသုံးယောက်တို့သည် မည်သို့နေထိုင်ကြရှာလိမ့်မည်ဟု တွေးတောစိတ်ကူးလျက် သန်းခေါင်ကျော်သည့်တိုင်အောင် စာအုပ်ကိုကိုင်၍ နေလေ၏။ ၁၂ နာရီထိုးပြီးသဖြင့် သန်းခေါင်ကြက်တို့သည် အိပ်တန်းတို့မှ ကျွက်ကျွက်ဆူအောင် တွန်မြည်ကြလျှင် ခင်စိန်ကြည်သည် မျက်လုံးလေး၍လာသဖြင့် စာအုပ်ကိုမလွှတ်ဘဲ အိပ်ပျော်၍သွားလေ၏။

အတန်ငယ်ကြာလတ်သော် ခင်စိန်ကြည်သည် တစ်ကိုယ်လုံး သည်းမခံနိုင်အောင်ပူလှသည်နှင့် အိပ်ရာမှလန့်နိုး၍ မျက်စိကိုဖွင့်ကြည့်လိုက်လျှင် ဘာကိုမျှ ရုတ်တရက်မမြင်ရဘဲ မီးတောက်မီးလျှံတို့ကိုသာလျှင် မြင်ရကုန်၏။ ခင်စိန်ကြည်လည်း ပူလောင်လှသည်ဖြစ်၍ ထမည်ပြုရာ မကျန်းမာသည့်အခိုက်ဖြစ်သည့်အပြင် မီးလောင်၍ထားသောကြောင့် ရုတ်တရက်မထနိုင်ဘဲ ရှိနေရာတွင် လူတစ်ယောက်သည် မိမိအားအတင်းပွေ့ယူ၍သွားသည်ဟု စိတ်တွင်မှတ်ထင်လိုက်ပြီးသည့်နောက် သတိမေ့၍သွားလေ၏။

> **"ခင်စိန်ကြည်သည် မိမိဝမ်းစာကိုမျှ မိမိရှာကြံမစားနိုင်ဘဲ ဦးလေး ဝတ်လုံတော်ရမင်းက ကြည့်ရှုစောင့်ရှောက်ပေးသဖြင့် သူတစ်ပါး၏နှာခေါင်းနှင့် အသက်ရှူဆိုသည့် စကားကဲ့သို့ ဦးလေးကိုသာ အားကိုး၍နေရသဖြင့် မိမိလည်း မကျန်းမာ ကလေးကလည်းတစ်ဖက်နှင့် သူတစ်ပါးရပ်ရွာ၌ အဆွေခင်ပွန်းဟူ၍ တစ်ဦးတစ်ယောက်မျှမရှိဘဲ နေထိုင်ရသည့်အတွက် မည်မျှစိတ်ဒုက္ခရောက်ရှာလိမ့်မည်ကို ပြဆိုရန်မလိုချေ။ သေရခြင်းသည် ဤကဲ့သို့သော အဖြစ်ထက် မြတ်သေး၏ဟု မကြာမကြာအောက်မေ့မိလေ၏ . . ."**

သတိရ၍ မျက်စိကိုဖွင့်ကြည့်လိုက်လျှင် မိမိအနီးတွင် တစ်စုံတစ်ယောက်ကိုမျှမမြင်ရဘဲ တစ်ကိုယ်လုံးကိုလည်း အဝတ်တို့ဖြင့် ကျပ်စည်း၍ထားသည်ကို တွေ့ရှိရလေ၏။ ယင်းနောက် မိမိသည် မည်သည့်နေရာသို့ ရောက်နေပါလိမ့်မည်လော တစ်ကိုယ်လုံးကိုလည်း ဘယ်အတွက်ကြောင့် ကျပ်စည်း၍ထားပါသလောဟု မိမိအဖြစ်ကို ပြန်လှန်စဉ်းစားပြီးလျှင် ပတ်ဝန်းကျင်အရပ်တို့ကို ကြည့်ရှုလေလျှင် မိမိအိပ်ပျော်နေရာ၌ မီးလောင်သဖြင့် ရန်ကုန်ဆေးရုံသို့ ရောက်နေသည့်အကြောင်းကို ရိပ်မိလေ၏။

မနီးမဝေး၌ ဆရာမနှစ်ယောက်တို့လည်း ခင်စိန်ကြည် သတိရလာသည်ကိုမြင်သဖြင့် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်၍ အနီးသို့လာကြရာ-

တစ်ယောက်က "သတိရပြီလားရှင်၊ ဘယ့်နှယ်နေသလဲ၊ ဘာလိုချင်သလဲ"

"သတိရပါပြီ၊ ကျွန်မ ဒီရောက်တာ ဘယ်နှရက်လောက်ရှိပြီလဲ"

"ဒီကနေ့ပါ သုံးရက်ရှိပြီ"

"ကျွန်မကလေးကော ရှိသေးရဲ့လား"

"ရှိပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်သာနေပါရှင် ကလေးက ကိစ္စမရှိပါဘူး"

"မှန်မှန်ပြောပါရှင် ကျွန်မကို မလိမ်ပါနဲ့၊ ကျွန်မတောင် ဒီလောက်ရှိရင် ကလေးတော့ ဘာခံနိုင်မလဲ မှန်မှန်သာပြောပါ ကျွန်မ စိတ်ခိုင်ပါတယ်" ဟုမေး၍ ဆရာမနှစ်ယောက်လည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေကြလျှင် ခင်စိန်ကြည်က "ကျွန်မထင်တဲ့အတိုင်းမဟုတ်လားရှင်"ဟု ထပ်မေး၍ ဘာမျှပြန်မပြောဘဲနေကြလျှင် ခင်စိန်ကြည်သည် ကလေးဆုံးသည့်အကြောင်းကို ရိပ်မိ၍ လူတစ်ဖက်သားအား သနားကရုဏာရှိတတ်သည်ဖြစ်လျက်နှင့် ကလေးသေဆုံးသွားသည့်အတွက် ဝမ်းမနည်းနိုင်အောင်ရှိလေ၏။ ဆရာမနှစ်ယောက်လည်း ခင်စိန်ကြည်အား အစာအနည်းငယ်ပေးကြပြီးနောက်။

"တော်တော်နေသာပြီလား"

"နေသာပါပြီ"

"အခုတော့ ကိစ္စမရှိပါဘူး၊ နံနက်တုန်းကတော့ ရှင်သေပြီ အောက်မေ့လို့ ဆရာဝန်ကြီးက သတင်းစာထဲ ထည့်လိုက်ပြီ၊ အခုတော့ ကိစ္စမရှိပါဘူး"

"ကျွန်မတော့ သေရင်လည်း ဝမ်းနည်းစရာမရှိပါဘူး၊ ကလေးကကော ချက်ချင်းပဲသေသလား"

"ဆေးရုံရောက်တော့ အသက်မရှိဘူး၊ ကဲ- မအေးမြင့် ရှင်က ဒီအနားနေရစ်ပါဦး၊ ကျွန်မ ဆရာဝန်ကြီးသွားပြောလိုက်ဦးမယ်"

နောက်ငါးရက်လောက်ကြာကာလ ရွှေဘိုမြို့၌ ဝတ်လုံကတော်ကြီးသည် အိမ်ဦးခန်းတွင် ရန်ကုန်ဂေဇက်ကိုဖြန့်၍ ဖတ်နေရာ (ဝတ်လုံကတော်မှာလည်း မိန်းကလေးကျောင်းထွက်ဖြစ်၍ အင်္ဂလိပ်စာအနည်းငယ်တတ်လေသည်။) တစ်စုံတစ်ခုကို တွေ့သဖြင့်။

"အလို . . . သွားရှာပြီကိုး၊ မချောကလေး ဒီတစ်ခါမှ မိုက်စတုံးပေတော့တယ်"ဟု ပြောလျှင် မောင်သက်တင်ကလေးလည်း အနီးတွင် ထိုင်လျက်ရှိသည်နှင့်-

"ဘာအကြောင်းလဲ မေမေ"

"ခင်စိန်ကြည် နင်မှတ်မိသေးသလား"

"ဘာပြုလို့မမှတ်မိရသလဲ မေမေရယ်၊ မမကို ကျွန်တော် ဘယ်တော့မေ့နိုင်ပါမလဲ၊ ကမ္ဘာပေါ်ဒီမမလောက်ချစ်တာမရှိသေးဘူး"

"အေး . . . သေရှာပြီ"

"အဟုတ်လား မေမေရယ် ဘယ်မှာလဲ၊ ဘာပြုလို့တဲ့လဲ" ဟု

မျက်ရည်ဝိုင်းလျက် ထိုင်ရာမှထ၍မေးလျှင်-

"မီးလောင်လို့တဲ့ သေတာလည်း ခပ်ကောင်းကောင်းပါပဲကွယ်၊ ဒီလောက်ဖြစ်ပြီးမှတော့ နေဖို့လည်းမကောင်းပါဘူး"

**ဆက်လက်ဖော်ပြပါမည်။**

## ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကျင်းပ




ကျောက်ဆည် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ဩဂုတ်လ ၂၈ ရက်တွင် ကျောက်ဆည်မြို့ရှိ ခရိုင်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က သင်တန်းမှ လေ့ကျင့်သင်ကြားပေးသည့် နည်းပညာများကို အသုံးပြုပြီး ပြည်သူလူထု ဘေးအန္တရာယ်တွေ့ကြုံသည့်အခါ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကာကွယ်စောင့်ရှောက်ပေးကြစေလိုကြောင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးမောင်မောင်ချိုနှင့် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်တို့က ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်ပေးခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့်အပြင် နိုင်ငံတော်အဆင့် ဘေးအန္တရာယ်များကျရောက်လာပါက နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ဗိုလ်တထောင်ကမ်းနားညဈေးနှင့် လှည်းတန်း ညဈေးဖွင့်လှစ်နိုင်ရန်စီစဉ်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှကြီးမှူး၍ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်(Myanmar Culture Valley)၊ လမ်းမတော်မြို့နယ်ရှိ ဝါးတန်းဆိပ်ကမ်း၊ ဒေါပုံမြို့နယ်ရှိ ဒေါပုံတံတားဟောင်းတို့၌ ညဈေးများ ဖွင့်လှစ်ထားရှိပြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကမ်းနားညဈေးနှင့် ကမာရွတ်မြို့နယ် လှည်းတန်းညဈေးတို့ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနေမင်းထွန်း၏ပြောကြားချက်အရ သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးနဲ့ ရန်ကုန်မြို့အတွင်း ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုမရှိစေဖို့၊ သန့်ရှင်းသပ်ရပ်မှုနဲ့ လုံခြုံမှုရှိစေဖို့၊ မြို့တော်အင်္ဂါရပ်နဲ့အညီ စနစ်တကျဈေးရောင်းချနိုင်အောင် ညဈေးထပ်မံဖွင့်လှစ်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ဝန်ကြီး ဦးနေမင်းထွန်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးနှင့် ပြည်သူများအတွက် ညဈေးနေရာများတိုးချဲ့ဖော်ဆောင်နိုင်ရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းကယခုဘဏ္ဍာနှစ် ပွင့်လင်းရာသီ၏ရုံးပိတ်ရက်များတွင် ခရီးသွားလုပ်ငန်းဈေးကွက်ရှိပြီးဖြစ်သည့် ဗိုလ်တထောင်ဘုရားအနီး ဗိုလ်တထောင်ကမ်းနားနေရာအား စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ ဆက်လက်၍ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလတံတားကြားရှိ သက်ဆိုင်ရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ သိုလှောင်ရုံဟောင်းများ ငှားရမ်းခွင့်ရရှိရေးဆောင်ရွက်ပြီး ညဈေးများဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ဝန်းရံခ**

★ **ရှေ့ဖုံးမှအဆက်**

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ညွှန့်ဆောင်တော်၊ သံတမန်ဆောင် ညွှန့်ခန်းမ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏သံအမတ်ခန့်အပ်လွှာ ကိုပေးအပ်သည်။

ဆက်လက်၍မြန်မာ-ထိုင်း နှစ်နိုင်ငံသည် ကောင်းမွန်သော သံတမန်ဆက်ဆံမှုများနှင့်အတူ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခွာ၍မရသော အပြန်အလှန်နားလည်ယုံကြည်ရသည့်အိမ်နီးချင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊

❖ **နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီး ဆွေးနွေး . . .**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba တို့ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။



ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။

နယ်စပ်ကုန်သွယ်မှုများဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံသည် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ညွှန့်ခန်းမဆောင်တော် ညွှန့်သည်တော် မှတ်တမ်းစာအုပ်တွင်မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။


မြဝတီ

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ရောက်ရှိနေသော ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်လုံခြုံရေးအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုတားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလိမ်လည်မှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် သတင်း



အချက်အလက် လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဂိတ်များနှင့် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ အာဆီယံဒေသတွင်းထိတွေ့ဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညွှန့်ခံခဲ့သည်။ ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် မစ္စတာ ချတ်ချိုင် ဘန်ချွတ်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပြီး ညစာသုံးဆောင်စဉ် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန့်သည်တော်တို့က အပြန်အလှန်လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့သည်။

ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဩဂုတ်လ ၂၆ ရက်တွင် ရောက်ရှိခဲ့ကာ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၊ နေပြည်တော်ရှိ အမျိုးသားပြတိုက်နှင့် ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များအား သွားရောက်လေ့လာခဲ့ကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအားလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားလည်းကောင်း သွားရောက်ဖူးမြော်ခဲ့ကြကာ ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ခဲ့ကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

➧ ကျောဖုံးမှအဆက်

ဆောင်ရွက်နေမှုများ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံအကြားစီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်အစရှိသည့်ကဏ္ဍများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေမှုနှင့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ မြဝတီ

## ရာဂိမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ကျေးရွာချင်းဆက်တံတားများပြုပြင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

ရာဂိမုန်တိုင်းကြောင့် ပျက်စီးခဲ့သော နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအဝင်လမ်းပေါ်ရှိ အရှည်ပေ ၉၅၀ ဆင်သေချောင်းကူးတံတား၊ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာနှင့် ဝင်ပြန်ကျေးရွာ ဆက်သွယ်ထားသော အရှည်ပေ ၉၀၀ ဆင်သေချောင်းကူးတံတားနှင့်ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာနှင့် သာယာဝှမ်းကျေးရွာ ဆက်သွယ်ထားသော အရှည်ပေ ၅၅၀ ရွှေပေါင်းလောင်းတံတားတို့ကိုပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်ရေးလုပ်ငန်းများကိုယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြကြပြီးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန်နှင့်သဘာဝဘေးအန္တရာယ်ခံနိုင်အောင် ကြိုတင်မြော်တွေးဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရွှေဇေယျာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက ဗီယက်နမ်နှံကောက်မိုးစပါးတစ်ဆက်တစ်စပ်တည်း ဧက ၁၅၀ တွင် စနစ်ကျသောစိုက်ပျိုးရေးဖော်ဆောင်နေမှုနှင့် မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများ၏တင်ပြချက်အပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ မြဝတီ





| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁˚c |
| ရန်ကုန် | ၂၃˚c | / | ၃၃˚c |
| မန္တလေး | ၂၆˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr. Tor SARALAMBA အား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Tor SARALAMBA အား ယနေ့ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အတွင်း နှစ်ဖက်သဘောတူညီခဲ့ကြသည့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာတည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားတည်ထောင်ထားရှိသည့်ယန္တရားများ ပြန်လည်စတင်ရေး၊ နှစ်နိုင်ငံနယ်စပ်များ တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ မြဝတီ

## တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အနောက်တိုင်း လှေလှော်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၈

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အနောက်တိုင်း လှေလှော်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အမျိုးသား ၈ တက်လှော်တက္ကသိုလ်ပေါင်းစုံလှေလှော်ပြိုင်ပွဲတွင် ပထမရရှိသည့် ရန်ကုန်ပညာရေးတက္ကသိုလ်အသင်းကို ဆုဖလားပေးအပ်ချီးမြှင့်ပြီး ဒုတိယရရှိသည့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်အသင်းနှင့် တတိယရရှိသည့် ရန်ကုန်တက္ကသိုလ်အသင်းတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အနောက်တိုင်းလှေလှော်ပြိုင်ပွဲတွင် လှေလှော်နည်းအမျိုးအစားအလိုက် ဆုရရှိခဲ့ကြသည့် အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့သို့ရောက်ရှိရာ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၏ အချက်အလက်များ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ ရေကူးကန်၊ အားကစားကွင်း၊ အားကစားရုံပြုပြင်ထိန်းသိမ်းရေးနှင့် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုရန် PTTEP International Limited မှ အလှူငွေကျပ် ၉၀၂၇၅၀၀၀ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဆောင်ရွက်နေသော လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုနိုင်ရန် PTTEP International Limited မှ အလှူငွေကျပ် ၉၀၂၇၅၀၀၀ ကို ယနေ့နံနက်ပိုင်းတွင် အသင်း၏ ရန်ကုန်ရုံးခွဲ၌ လာရောက်လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က လက်ခံခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ လှူဒါန်းပွဲသို့ အလုပ်အမှုဆောင် ပါမောက္ခဒေါက်တာဒေါ်မြသူ၊ ပါမောက္ခဒေါက်တာဒေါ်မာလာဝင်း၊ အရင်းအမြစ်စုစည်းအသုံးချရေးဌာန ညွှန်ကြားရေးမှူး ဒေါ်မေစန္ဒာမျိုးနှင့် တာဝန်ရှိသူများ၊ PTTEP International Limited မှ General Manager Mr.Suppakarn Thanatit နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ မြဝတီ



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၂/၂၀၂၆)ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ စုံညီခုံရုံး၌ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၂/၂၀၂၆)ကို ရုံးထိုင်ကြားနာခဲ့ကြောင်းသိရသည်။ မြဝတီ



# တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်ပေးအပ်

နေပြည်တော် ဩဂုတ် ၂၈

တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၂) ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင်၊ ဒေါက်တာကိုကိုနိုင်နှင့် ဒေါ်စိုးခက်ခက်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသောင်းနိုင်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် အထက်တန်းရှေ့နေ ၁၂၀ ကို တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ကာ တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။ လက်မှတ်လက်ခံရယူမည့်သူများအား ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး က “ရှေ့နေရှေ့ရပ်များအတွက် AML/CFT /CPF သင်တန်း” ပို့ချဆွေးနွေးခဲ့ကြောင်းသိရသည်။ မြဝတီ

# Softtech Platform မိတ်ဆက်ပွဲနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပ



ရန်ကုန် ဩဂုတ် ၂၈

Softech Platform သည် ဂြိုဟ်တုရုပ်မြင်သံကြားစနစ်များ၊ ရုပ်သံလွှင့် နည်းပညာနှင့် ဆက်စပ်ဝန်ဆောင်မှုများတွင် အတွေ့အကြုံ နှစ်ပေါင်း ၂၀ ကျော်ရှိသော ရုပ်သံလွှင့်နှင့် နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်ပြီး Softtech Platform မှတစ်ဆင့် ဂြိုဟ်တုရုပ်သံလွှင့်စနစ်၊ ကြည့်ရှုသူတိုင်းတာရေး နည်းပညာ၊ ကျွမ်းကျင်တပ်ဆင်သူများ တိုးတက်ရေးနှင့် အနာဂတ်ဒီဂျစ်တယ် ဝန်ဆောင်မှုများကို ပေါင်းစပ်ကာ ကြည့်ရှုသူများ၊ ရုပ်သံလွှင့်သူများနှင့် စီးပွားရေးမိတ်ဖက်များကို ဝန်ဆောင်မှုပေးမည့် စက်မှုဇုန်ဆိုင်ရာ မီဒီယာဝန်းကျင်တစ်ခုကို ဖန်တီးရန်ရည်ရွယ်ထားကြောင်းနှင့် Softtech DTH သည် မြန်မာနိုင်ငံတွင် ပဋ္ဌမမြောက်ဝန်ဆောင်မှုဆောင်ရွက်ခွင့်ရရှိသည့် ရုပ်သံလုပ်ငန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Softtech Platform မိတ်ဆက်ပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ MELIA HOTEL & RESORTS ၌ ကျင်းပရာ ဦးစွာ Softtech မှ အမှုဆောင်အရာရှိချုပ် Mr. Phanuwat Phongsuwankul နှင့် ဒါရိုက်တာ ဦးခင်မောင်သန်းတို့က မိတ်ဆက်ပွဲနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် Softtech Platform မိတ်ဆက်ပွဲကို ယင်းဟိုတယ်ရှိ INYA BALLROOM ၌ ကျင်းပရာ Softtech Platform၏ အဖွင့်ဗီဒီယိုကို ပြသသည်။

ယင်းနောက် Softtech အမှုဆောင်အရာရှိချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး (ငြိမ်း) His Excellency Pisanu Suvannajata တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ မြန်မာအာကာသအေဂျင်စီ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမျိုးသန့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး(ငြိမ်း) His Excellency Pisanu Suvannajata နှင့် တာဝန်ရှိတို့က Softtech Platform မိတ်ဆက်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှုဆောင်အရာရှိချုပ်က Softtech Platform ၏ ထုတ်လွှင့်မှု၊ တိုက်ရိုက် TV ကြည့်ရှုသူအရေအတွက်၊ အနာဂတ်တွင် OTT နှင့် ဖြန့်ချိရေး၊ ဒီဂျစ်တယ်ဆိုင်ရာ အကြောင်းအရာများမှ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။

မြဝတီ

# အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အဖြစ် **“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့နေအိမ်များမှစတင်စို့”** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့်အထိမ်းအမှတ် အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များအား https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအား ဓာတ်အားပိတ်၍ ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ် (၁) ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကိုဩဂုတ်လ ၂၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍လည်းကောင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ၃၃ ကေဗွီ Project M/O ဓာတ်အားလိုင်းကိုဩဂုတ်လ ၂၉ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်၍လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ရာ ဓာတ်အားပိတ်နယ်မြေအတွင်းရှိ ရုံးဌာနများနှင့် စက်ရုံ၊ အလုပ်ရုံများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ၂၃၀ ကေဗွီ မြောင်းတကာပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ကြားခံပစ္စည်းများကို အစားထိုးလဲလှယ်ရန် ဩဂုတ်လ ၃၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အချိန် ၅ နာရီခန့်ကြာ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့/မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၂၃၀ ကေဗွီ မြင်းခြံ Switching Station ဓာတ်အားခွဲရုံအား ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ၂၃၀ ကေဗွီသပြေဝ-မြင်းခြံ (သံမဏိ) ဓာတ်အားလိုင်းနှင့်ချိတ်ဆက်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် ၂၃၀ ကေဗွီ သပြေဝ-မြင်းခြံ(သံမဏိ) ဓာတ်အားလိုင်းကို ဩဂုတ်လ ၂၉ ရက် နံနက် ၆ နာရီမှ ည ၆ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ ယာယီဓာတ်အားပြတ်တောက်နိုင်မည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်တောက်မည့် ဧရိယာများရှိ စက်ရုံ၊ အလုပ်ရုံများကို ကြိုတင်ညှိနှိုင်း အကြောင်းကြားထားပြီးဖြစ်သည်။

အလားတူ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့ဧရိယာများသို့ ဓာတ်အားတည်ငြိမ်စွာ ပို့လွှတ်နိုင်ရန်အတွက် ၆၆ ကေဗွီ ဝိုင်းမော် - မြစ်ကြီးနား အမှတ် (၁) ဓာတ်အားလိုင်း၏ ဗလမင်းထင် တံတားပေါ်ရှိ တိုင်အမှတ် (၃၄ နှင့် ၃၅) ကြားတွင် ကေဘယ်လ်ကြိုးအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပါသဖြင့် အဆိုပါကေဘယ်လ်ကြိုးအား ဝန်အားချိတ်ဆက် ပို့လွှတ်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ ဩဂုတ်လ ၂၉ ရက်နံနက်၉နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ၃ နာရီအကြာ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်အတွင်းရှိ မြို့နယ်များ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြဝတီ

# နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

❒ **ရှေ့ဖုံးမှအဆက်**

အဖွဲ့များမှ အဖွဲ့ဝင်များသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။


အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ကျင်းပပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် ပစ္စတိုသေနတ်(၁)လက်၊ MA-1 သေနတ်(၁)လက်၊ MA-3 သေနတ် (၂)လက်၊ MA-11 သေနတ်(၁)လက်၊ ကေအေသေနတ်(၁)လက်၊ လက်လုပ် သေနတ် (၁)လက်၊ ကျည်အိမ် (၇)ခုနှင့် လက်ပစ်ဗုံးမျိုးစုံ (၁၀)လုံးတို့အား အပ်နှံခဲ့ရာ တိုင်းမှူးက လက်ခံရယူခဲ့ပါသည်။

၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် (၆) လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၀၀၊ ပစ္စတိုသေနတ် (၁) လက် အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံးမျိုးစုံ (၁၀)လုံးအတွက် ဆုကြေး ငွေကျပ် သိန်း ၃၀၊ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ဆုကြေးငွေ ၄၇ သိန်း ၅ သောင်းကျပ်၊ စုစုပေါင်း ဆုကြေးငွေ ၃၉၇ သိန်း ၅ သောင်းကျပ်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံစနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် စစ်ကိုင်းမြို့မှ အမျိုးသား(၅၇)ဦး၊ အမျိုးသမီး(၆)ဦး၊ မုံရွာမြို့မှ အမျိုးသား(၁၄)ဦး၊ ရွှေဘိုမြို့မှအမျိုးသား(၇) ဦး၊ ရေဦးမြို့မှအမျိုးသား(၁)ဦး၊ ဝန်းသိုမြို့မှ အမျိုးသား(၃)ဦး၊ ကသာမြို့မှအမျိုးသား(၄) ဦးနှင့် ကန့်ဘလူမြို့မှ အမျိုးသား(၃)ဦး၊ စုစုပေါင်း အမျိုးသား(၈၉)ဦးနှင့် အမျိုးသမီး (၆)ဦးစုစုပေါင်း(၉၅)ဦးဖြစ်ကြောင်းသိရှိရသည်။

အလားတူ ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။







အဆိုပါအခမ်းအနား၌ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများအနေဖြင့် ဟားခါးမြို့မှအမျိုးသား(၁)ဦး၊ ကလေးမြို့မှ အမျိုးသား (၂၅)ဦး အမျိုးသမီး (၂)ဦး၊ မော်လိုက်မြို့မှအမျိုးသား(၁) ဦး၊ ဖောင်းပြင်မြို့မှ အမျိုးသား(၂)ဦး အမျိုးသမီး(၁)ဦးနှင့် တမူးမြို့မှ အမျိုးသား(၁၃)ဦး၊ စုစုပေါင်း အမျိုးသား(၄၂)ဦးနှင့် အမျိုးသမီး(၃)ဦး၊ (၄၅) ဦးတို့သည် ၎င်းတို့နှင့်အတူ ပါရှိလာသည့် ပစ္စတိုသေနတ်(၁)လက်၊ MA-1 သေနတ်(၂) လက်၊ MA-3 သေနတ်(၂)လက်၊ MA-11 သေနတ်(၁)လက်၊ M-22 သေနတ် (၁) လက်၊ Type-81 သေနတ် (၁၁)လက်၊ AK-47သေနတ် (၁)လက်၊ ကာဘိုင် သေနတ် (၁)လက်နှင့် ရိုင်ဖယ်သေနတ် (၁)လက် စုစုပေါင်း(၂၁)လက်၊ ကျည်အိမ်(၃၀)ခု၊ ကျည်မျိုးစုံ (၆၇၉)တောင့်၊ လက်ပစ်ဗုံး(၆) လုံးနှင့် စကားပြောစက်(၃)လုံးတို့အား လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူပြီး မောင်းပြန် ရိုင်ဖယ်သေနတ် (၂၀)လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀၀၊ ပစ္စတိုသေနတ်(၁)လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး (၆) လုံးအတွက် ဆုကြေးငွေကျပ် ၁၈ သိန်း၊ စကားပြောစက် (၃)လုံးအတွက် ဆုကြေးငွေ ၆ သိန်းကျပ်၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ဆုကြေးငွေ ၂၂ သိန်း ၅ သောင်းကျပ်နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံသို့စနစ်တကျလွှဲပြောင်းအပ်နှံပေးကြသည်။

ထို့ကြောင့်ယနေ့တွင်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အသီးသီးမှ အမျိုးသား ၁၃၁ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄၀ ဦးသည် လက်နက်မျိုးစုံ ၂၇ လက်၊ လက်ပစ်ဗုံး ၁၆ လုံး၊ ခဲယမ်းများ ဆက်စပ်ပစ္စည်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြောင်းသိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှု မရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ဘယ်ကနေစရောက်လဲ ဆိုတော့ ကျွန်တော့်ကို တပ်ရင်းကို ပို့တယ်။ တစ်နှစ်သုံးလဆိုတဲ့ စာချုပ်နဲ့ ပို့တယ်။ ဒါပေမဲ့ ဟိုရောက်သွားတော့ စာချုပ်ကမရှိတော့ဘူး။ ဒီမှာ သန္ဓေနေရတယ်။ သန္ဓေကနေမှ ၉၇၀၆ ဒေါင်းနီတပ်ရင်းမှာ တစ်နှစ် သုံးလ စာချုပ်နဲ့။ ဒါပေမဲ့ အဲ့ဒီမှာ တစ်နှစ် သုံးလ စာချုပ်ကမရှိတော့ဘူး။ ဒေါင်းနီ ရောက်ပြန်တော့လည်း တစ်ခါ ရှမ်းမြောက်ကို ပြန်ပို့ခံရတယ်။ ဒါပေမဲ့ သူတို့ပြောပြောနေတဲ့ စာချုပ်ဆိုတာလည်း မရှိဘူး။ အဲ့ဒီမှာ အဆိုးဆုံးက ခေါင်းဆောင်တွေက တာဝန်ယူမှု တာဝန်ခံမှု လုံးဝမရှိဘူး။ ကျွန်တော် အဲ့ဒီမှာ တပ်နှစ်ခါပြေးတယ်။ တစ်ခါမိတယ်။ အရိုက်ခံရတယ်။ သေလုနီးပါးအရိုက်ခံရတယ်။ သူတို့ခွဲခြားဆက်ဆံတာတွေက ထမင်းစားမယ်ဆိုရင်တောင် သူတို့က သူတို့ဟာ သူတို့ ချက်စားကြတယ်။ ရဲဘော်တွေကြတော့ ချက်တယ်။ ကျွန်တော်တို့ အဆိုးဆုံး အစားအစာကတော့ ဆွန်တန်တောင်မှ ဆား၊ ဟင်းချိုမှုန့် မပါဘူး။ ဆွန်တန်တစ်ခွက်တည်းနဲ့ စားခဲ့ရတယ်။ ရှေ့တန်းမှာလည်း နှစ်ရက်သုံးရက်လောက်ထိ ရိက္ခာထမင်း လာမပို့နိုင်ဘူး။ ကြုံခဲ့ရဖူးတယ်။ သူငယ်ချင်း တစ်ယောက်ထိတယ်။ ဒါပေမဲ့ ကိုယ်ပဲ အဲ့ဒီထိသွားတဲ့ ဟာကို နောက်တန်းထိ ထမ်းပြီးတော့ ကျည်ပေါက်ရာတွေကြားထဲက ကိုယ်ပဲ သွားပို့ပေးရတယ်။ အဲ့ဒီမှာ တာဝန်ပြီးဆုံးအောင် တိုက်ခိုင်းတာပေါ့။ တာဝန်ပြီးဆုံးတဲ့အထိ တိုက်ရအောင် သူတို့ လုပ်နေတဲ့ ပုံစံတွေက အဆင်မပြေဘူး။ မကြိုက်ဘူး။ တိုက်လည်း မတိုက်ချင်တော့ဘူး။ စိတ် လည်း မပါတော့ဘူး။ အဆိုးဆုံးကတော့ တာဝန်ယူမှုတာဝန်ခံမှုမရှိတာတော်တော်ကို ဆိုးတယ်။ အဲ့လို ကျသွားတဲ့ ရဲဘော်တွေဘာတွေ ရှိရင် သူတို့က ဘာတစ်ခုမှတာဝန်ယူမှုတာဝန်ခံမှု မရှိဘူး။ မိဘတွေဆီကိုပါ တစ်ခါတလေဆို သတင်းမရောက်တဲ့ ရဲဘော်တွေရှိတယ်။ သူ့သားသမီး ကျသွားတာတောင်မှ မသိခဲ့ရဘူး။ အဲ့လိုမျိုးတွေလည်း ရှိတယ်။ သတင်းတောင် ပို့မပေးခဲ့ဘူး။ မနိုင်မှန်းသိရက်နဲ့ တိုက်နေတာကြီးကို အဲ့ဒီမှာ ကျန်နေတဲ့ ကောင်တွေကိုလည်း ဆက်ပြီးတော့ မတိုက်စေချင်ဘူး။ တိုက်လည်းနိုင်မှာမဟုတ်တဲ့ အတွက်ကြောင့်မို့လို့ အမြန်အလင်းဝင်ရမယ်ဆိုတဲ့ အမြန်အလင်းဝင်ရောက်ဖို့ သူငယ်ချင်းတွေကို ပြောချင်တယ်။ မဖြစ်နိုင်တဲ့ အရာကြီးကို မလုပ်နဲ့တော့လို့ ဒီမှာ ဆက်နေနေရင်လည်း ဘဝလူညွန့်တုံးပြီးတော့ ဘာမှတိုးတက်မှာလည်း မဟုတ်ဘူး လူငယ်ဘဝတွေလည်း ပျောက်ဆုံးသွားမှာပေါ့နော်။ ကိုယ့်ဟာနဲ့ကိုယ် ဒီမှာ အလင်းဝင်၊ ကိုယ့်မိသားစုနဲ့ကိုယ်ပြန်နေပြီး လုပ်ကိုင်စားသောက်ပြီးတော့ ကျောင်းတက်စရာရှိတဲ့ လူတွေလည်း ပြန်တက်ပြီးတော့ နေစေချင်တယ်။ ကျွန်တော်အစက ဒီကိုအလင်းဝင်ဖို့တစ်ပတ်ကျော်ကျော်နှစ်ပတ်လောက် စဉ်းစားတယ်။ စဉ်းစားတော့ ဒီမှာ အရင်အလင်းဝင်ထားတဲ့ သူငယ်ချင်းတွေ ရှိတော့ ဖုန်းလှမ်းဆက်ပြီးတော့ မင်းတို့ အဆင်ပြေလား။ သူတို့ကလည်း အေးဆေးပဲ အဆင်ပြေတယ်။ အခမ်းအနားပြီးရင် မိဘတွေဆီ ပြန်အပ်ပေးတယ်။ အစက တွေးတာပေါ့။ သေချာပေါက်အချုပ်ကတော့ ကျမယ်။ အဲ့လိုလည်း မဟုတ်ဘူး။ လွတ်လွတ်လပ်လပ်နေရတယ်။ အပြင်တွေ ဘာတွေလည်း သွားခိုင်းတယ်။ ချုပ်နှောင်ထားတာလည်း မရှိဘူး။ အဝတ်အစားတွေ ဘာတွေကအစ အကုန်ဆင်ပေးတယ်။ နေတာထိုင်တာ စားတာသောက်တာက အစ အစစအရာရာ အဆင်ပြေအောင်လုပ်ပေးတယ်။ တောထဲမှာ နေရတာနဲ့ တခြားစီပဲ" ဟုပြောသည်။

"အကြမ်းဖက် PDF တွေက ပေါ်တာဆွဲသွားလို့ ပါသွားတာပါ။ ကျွန်တော်တို့ အထဲမှာ နေရတာအဆင်မပြေပါဘူး။ သူတို့က ကျွန်တော်တို့ကို ခွဲခြားဆက်ဆံတယ်။ ဆက်ကြေးတွေ ကောက်ခိုင်းတယ်။ ကျောင်းတွေလည်း ဖျက်ဆီးပါတယ်။ ပြီးတော့ သူတို့တွေက စစ်ယူနီဖောင်းကို ဝတ်ပြီးတော့ လိမ်ပြီးတော့ VIDEO ရိုက်တင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့ သူတို့လုပ်ပုံလုပ်နည်းတွေကို မကြိုက်ပါဘူး။ NUG အစိုးရကိုလည်း မကြိုက်ပါဘူး။ အလင်းဝင်ဝင်ချင်းကတော့ ကျွန်တော်တို့တွေကို ရိုက်နှက်မယ်ထောင်ချမယ်လို့ ကျွန်တော်တို့ထင်ခဲ့ပါတယ်။ ဒါပေမဲ့ မဟုတ်ပါဘူး။ ဒီမှာရောက်တော့ ကိုယ့်ညီအစ်ကိုလို မောင်နှမလို ကိုယ့်သားလေးလို ကိုယ့်မြေးလေးလိုပဲ အားလုံးကနွေးထွေးစွာကြိုဆိုကြပါတယ်။ ဟိုမှာ ရှိတဲ့ ညီအစ်ကိုညီအစ်မတွေကိုလည်း အားလုံးအစ်ကို ပြောတဲ့ စကားကိုကြားပြီးတော့ အမြန်ဆုံး အလင်းဝင်ခဲ့ပါလို့၊ ဘယ်တော့မှ အမှောင်ထုထဲမှာ မနေပါနဲ့၊ အလင်းကို အမြန်ဆုံးထွက်ခဲ့ကြပါလို့၊ ဒီကောင်တွေလက်ထဲမှာနေလို့ရှိရင် ဘဝဟာ ဆက်ပြီးပျက်သည်ထက်ပျက်မှာပါ။ သူတို့ ကျွန်တော့်ကိုစစ်သားလည်း လုပ်ခိုင်းသေးတယ်။ ကျွန်တော့်ဦးလေးကိုလည်း သတ်တယ်။ ကျွန်တော့်မိသားစုကိုလည်း ခြိမ်းခြောက်တယ်။ ကျွန်တော် ငါးနှစ်လုံးလုံး တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်တော် အဲ့ဒီခံစားချက်ကြောင့် အလင်းဝင်လာတာပါ။ ဒီမှာ ရောက်တော့ နွေးထွေးစွာ ကြိုဆိုပါတယ်။ အားလုံးကိုလည်း ဒီလိုနွေးထွေးစွာ ကြိုဆိုပေးလို့ ကျွန်တော်က ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။ **(၁၀၀)**

---

# ဗီယက်နမ်စပါးမျိုး စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၂၈ တင်းခန့်ထွက်ရှိ

ကြို့ပင်ကောက် ဩဂုတ် ၂၈

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း ဗီယက်နမ်စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် သခွတ်ကုန်းကျေးရွာမှ တောင်သူဦးဝမ်းတင်၏ စပါးစိုက်ခင်း၌ ဩဂုတ်လ ၂၇ ရက်က ဆောင်ရွက်ပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၂၈ တင်းခန့်ထွက်ရှိသည်။

အဆိုပါဗီယက်နမ်စပါးမျိုးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဝယ်ယူစိုက်ပျိုးထားပြီး သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာပေါင်းစပ်ထည့်သွင်းစိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် စပါးအစို ၁၂၈ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ယင်းစံကွက်ရိတ်သိမ်းပွဲသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဖွေနှင့် တာဝန်ရှိသူများနှင့်ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဇေယျာထွန်း(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာနှင့် ရန်မျိုးအောင်ရပ်ကွက် ရေဘေးသင့်ပြည်သူများအတွက် ရေဘေးထောက်ပံ့ငွေကျပ် ၆၅၀၀၀၀ နှင့် စားသောက်ကုန်များထောက်ပံ့ပေးအပ်

မော်လမြိုင် ဩဂုတ် ၂၈

ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာနှင့် ရန်မျိုးအောင်ရပ်ကွက် ရေဘေးသင့်ပြည်သူ ၉၄ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၇၀၀၀၀၊ အောင်သုခရပ်ကွက်ရေဘေးသင့်ပြည်သူ ၃၆ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၈၀၀၀၀၊ စုစုပေါင်းပြည်သူ ၁၃၀ အတွက် ရေဘေးထောက်ပံ့ငွေကျပ် ၆၅၀၀၀၀ နှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာရှိ ရန်မျိုးအောင်ရပ်ကွက် ရသေ့ကျောင်း (ဘုန်းကြီးကျောင်း)နှင့် အောင်သုခရပ်ကွက် Cyclone Shelter တို့၌ ရေဘေးရှောင်ပြည်သူများအားတွေ့ဆုံကာ အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် ကျန်းမာရေးအထူးဂရုပြုကြရန်နှင့် မိဘများအနေဖြင့် ကျောင်းနေအရွယ်ကလေးများကို ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားကာ ကျိုက်မရောမြို့နယ် အနိမ့်ပိုင်းဒေသရှိ ရေကြီးနစ်မြုပ်ခံခဲ့ရသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ရေများပြန်လည်ကျဆင်းပါကနေအိမ်များသို့ စနစ်တကျပြန်လည်ရွှေ့ပြောင်းရေး၊ ရေကြီးပြီးနောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးတို့ကို တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင်နံနက်ပိုင်းတွင်လည်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို အခြေခံစားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆေးရုံအုပ်ကြီး၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့်ကျန်းမာရေးဝန်ထမ်းများက အခမဲ့ဆေးဝါးများပေးအပ်ခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ကြည့်ရှုအားပေး၍ ဆေးကုသမှုခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**

# မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၈

မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဖိတ်ခေါ်သည့်ဆွေးနွေးပွဲ 3rd Life and Safety Seminar ကို ယနေ့တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ ကိုရီးယားအသိုက်အဝန်း၏ လုံခြုံရေး၊ ဥပဒေရေးရာကာကွယ်စောင့်ရှောက်မှု၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုလုပ်နေကြသော ကိုရီးယားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆက်လက်တိုးချဲ့ရေးနှင့် လုပ်ငန်းရှင်အသစ်များဖိတ်ခေါ်ပေးနိုင်ရေးဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်ဦးဝင်းလှိုင်ဦးနှင့် ဒေါက်တာဆွေဆွေအောင်၊ မြန်မာနိုင်ငံတွင်နေထိုင်လျက်ရှိသော ကိုရီးယားလူမျိုး ၅၀ တက်ရောက်ကြပြီး The Korea Association in Myanmar ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက "Residency and Legal Protection for Korean Residents in Myanmar"ခေါင်းစဉ်ဖြင့်ဆွေးနွေးပြောကြားကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**





# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၈

ယနေ့မွန်းလွဲ ၁ နာရီ ၃၆ မိနစ် ၅၀ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင် - အရှေ့တောင်ဘက် ၁၀၇ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်(ဖျာပုံမြို့၏အရှေ့တောင်ဘက် ၈၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၅.၃၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆.၅၀ ဒီဂရီ၊ အနက် ၁၆ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃.၄(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# ဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ပုသိမ် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိဝန်တာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှတာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများပေါင်းစပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများ အသုံးပြု၍လည်းကောင်း၊ ပန်းတာရေဝင်လမ်းပိတ်ဆို့ကာကွယ်မည့် Geobags ချသည့် ဒဂုန်စာမရီ ရေယာဉ်နှင့် မြဟန်တိုးသဲယာဉ်တို့ဖြင့်လည်းကောင်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Geobags ချသည့် စက်ရေယာဉ်တွဲအပါအဝင် ရေယာဉ်ငယ်တို့ဖြင့်လည်းကောင်း၊ သဲစက်လှေတွဲများဖြင့် လည်းကောင်း၊ လူအင်အားသုံး မျှောတုတ်တန်းအပြင်ဘက် ရေဝင်စီးကြောင်းကာကွယ်တန်းအား ပိုမိုတောင့်တင်းစေရန် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို ချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး ဆိတ်နို့ကုန်းတာ ကွပ်ကဲရုံးသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများကိုထမင်းထုပ်များ ပေးဝေခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေးမျက်နှာမြို့ အမှတ်(၄)ရပ်ကွက် နဝင်းကျောင်းတိုက်သို့သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးခြင်းနှင့် ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကရေဘေးသင့်ပြည်သူများကိုဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ထို့အတူ လေးမျက်နှာမြို့ အမှတ်(၁)ရပ်ကွက် ပြည်ငြိမ်းအေးကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများကိုတွေ့ဆုံအားပေးစကားများပြောကြားခဲ့ပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးက ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခဲ့ကာ ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့ပြင် ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးဧည့်ခန်းရှိပ်သာ၌ အလှူငွေများကို လှူဒါန်းရာ ဦးသိန်းအောင် (ဝန်ကြီးချုပ်-ငြိမ်း)+ဒေါ်ခင်ဌေးမြင့်မိသားစုက အလှူငွေကျပ်သိန်းနှစ်ရာကိုလည်းကောင်း၊ ဦးရန်ဝင်း (A1 ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)က အလှူငွေကျပ်သိန်းသုံးရာကိုလည်းကောင်း၊ ဦးဇော်ဝင်းရှိန် (ဧရာဟင်္သာကုမ္ပဏီလီမိတက်)က အလှူငွေကျပ်သိန်းသုံးရာကိုလည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဥပဒေရေးရာဝန်ကြီးဌာန၏ ငါးနှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

ဥပဒေရေးရာဝန်ကြီးဌာန၏ ငါးနှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိဥပဒေရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများတွင်လည်း တစ်ပြိုင်တည်းကျင်းပကြမည်ဖြစ်ကြောင်း၊ စည်းကမ်းရှိရှိ တာဝန်သိသိဖြင့် ဝန်ကြီးဌာန၏ဆောင်ပုဒ်နှင့်အညီ ပြောဆိုကျင့်ကြံနေထိုင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်း ၅၅၀ အတွက် ကြက်ဥများ ထောက်ပံ့ပေးအပ်ပြီး ဦးစီးဌာနများအလိုက် ဗလာမပါ ကံစမ်းမဲများ၊ အထူးမဲများဖြင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြဝတီ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပသည့် (၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

နေပြည်တော် ဩဂုတ် ၂၈

(၂၉)ကြိမ်မြောက်အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့်(၁၄)ကြိမ်မြောက်အာဆီယံအပေါင်းသုံး အလုပ်သမားဝန်ကြီးများအစည်းအဝေးကို ဩဂုတ်လ ၂၆ ရက်မှ ၂၇ ရက်ထိ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ အိမ်ရှင်အဖြစ် ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အစည်းအဝေးများကို "Advancing ASEAN Human Capital: Skills Certification towards Global Recognition" ခေါင်းစဉ်ဖြင့် အာဆီယံနိုင်ငံများမှ အလုပ်သမားရေးရာဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ ၃၅၇ သန်းရှိသော လုပ်သားအင်အားသည် “သုံးထပ်ကွေ့အပြောင်းအလဲ” (Triple Transition) ဖြစ်သည့် လျင်မြန်သော ဒီဂျစ်တယ်စနစ်ကူးပြောင်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစိမ်းရောင်စီးပွားရေးသို့ ကူးပြောင်းမှုနှင့် လူဦးရေဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများကို ရင်ဆိုင်ဖြတ်သန်းနေကြောင်း။

ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ ဒီဂျစ်တယ်နည်းပညာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစိမ်းရောင်စွမ်းအင်နှင့် ဆောက်လုပ်ရေးစသည့်ဦးစားပေးကဏ္ဍများ၌ အာဆီယံကိုးကားမှုဆိုင်ရာ သင်ရိုးညွှန်းတမ်းမူဘောင်(ARCF) ဖော်ဆောင်ရေးသည် လုပ်သားများ၏သင်ယူမှုရလဒ်များကို နေရာမရွေးသယ်ဆောင်အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုစံသတ်မှတ်ချက် အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ အာဆီယံကျွမ်းကျင်မှု အရည်အသွေးမူဘောင် (ASCF)နှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများပေါ်တွင် အခြေခံသည့် အာဆီယံအလုပ်အကိုင်ဆိုင်ရာ စံသတ်မှတ်ချက်များကို ထောက်ခံကြောင်း၊ ကွန်ပျူတာအခြေပြုစာမေးပွဲများနှင့် ယခင်သင်ယူခဲ့သည့်အတွေ့အကြုံများကို အသိအမှတ်ပြုခြင်း (RPL) စနစ်များကိုအသုံးပြုခြင်းဖြင့် တရားဝင်မဟုတ်သော (Non-formal) ကဏ္ဍမှ လုပ်သားများကို အမျိုးသားအဆင့်မူဘောင်များကို လေးစားလိုက်နာလျက် အသိအမှတ်ပြု အာဆီယံကျွမ်းကျင်မှု လက်မှတ်များရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

စံပြဗဟိုဌာန(CoE) အသိအမှတ်ပြုခြင်းနှင့်ပတ်သက်၍ နည်းပညာလွှဲပြောင်းပေးမှု၊ တစ်သက်တာသင်ယူမှုနှင့်နည်းပြသင်တန်းများ (Train-the-Trainer) ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း(ILO)၊ World Skills ကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကွန်ရက်တစ်ခု ထူထောင်ရေးအတွက် မြန်မာနိုင်ငံတွင် အမျိုးသားကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့ (NSSA)သည် အမျိုးသား ကျွမ်းကျင်မှု အရည်အသွေးမူဘောင် (NSQF) ကို တိုးမြှင့်ဖော်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခံအစိုးရသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂတွင် မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုကို ပြန်လည်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား အလုပ်သမားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းစေရေးဆွေးနွေးမှုများ၊ အခြားအာဆီယံထိပ်သီးအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကိုအာဆီယံအတွင်းရေးမှူးချုပ်ရုံးမှရှင်းလင်းဆွေးနွေးမှုများ၊ အာဆီယံ အလုပ်သမားဝန်ကြီးများအစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်(Joint Statement) အတည်ပြုထုတ်ပြန်နိုင်ရေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြဝတီ

# ဖလမ်းမြို့နယ်အတွင်း ဒေသခံပြည်သူ ၄၁၅၉၀ ဦး နေရပ်ပြန်လည်နေထိုင်

နေပြည်တော် ဩဂုတ် ၂၈

ဖလမ်းမြို့ရှိ မြို့ပေါ် ရပ်ကွက်ရှစ်ခုသို့ မေလ ၆ ရက်မှ ဩဂုတ်လ ၂၇ ရက်အထိ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၃၆၅၉ ဦးရှိပြီဖြစ်ကာ ဖလမ်းမြို့နယ်အတွင်း နေရပ်ပြန်လည်ဝင်ရောက်နေထိုင်သူ စုစုပေါင်း ၄၁၅၉၀ ဦးရှိပြီဖြစ်ကြောင်းသိရသည်။

ယမန်နေ့ညနေပိုင်းက ကလေး-ဖလမ်းလမ်းပိုင်း ဖလမ်းမြို့အဝင်တွင် ကလေးမြို့မှ ဖလမ်းမြို့သို့ နေရပ်ပြန်လာသည့် ဒေသခံပြည်သူ ၉၆ ဦးကို ကြိုဆိုနှုတ်ဆက်ခဲ့ပြီး နေရပ်ပြန်ဒေသခံပြည်သူများကို စာရင်းကောက်ယူနေမှု၊ ကော်ဖီနှင့်မုန့်တိုက်ကျွေးနေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုအားပေးကာ ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဖလမ်းမြို့တွင်း တစ်စိတ်တစ်ပိုင်းပျက်စီးသည့်ဌာနဆိုင်ရာအဆောက်အအုံများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်လျက်ရှိရာ ဖလမ်းမြို့၊ ဖါရ်ထောက်ရပ်ကွက်ရှိ ပညာရေးဌာနဝန်ထမ်းအိမ်ရာပြုပြင်နေမှုနှင့် မူလတန်းလွန်ကျောင်း ကျောင်းဆောင်ပြုပြင်နေမှု၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နှစ်ခန်းတွဲနှစ်ထပ်နှင့် လေးခန်းတွဲနှစ်ထပ် အိမ်ရာများပြုပြင်နေမှု၊ ကျင်မွာလ်ရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့ ခြောက်ခန်းတွဲနှစ်ထပ်အိမ်ရာပြုပြင်နေမှု၊ ကျန်းမာရေးဌာနဝန်ထမ်းအိမ်ရာ



ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ဌာနဆိုင်ရာ အဆောက်အအုံများအနက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိနေအိမ်၊ ဦးစီးအရာရှိ(မြို့ပြ)ရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှု၊ မြန်မာ့စီးပွားရေးဘဏ်ရုံးအဆောက်အအုံ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးနှင့် မြို့နယ် မြေစာရင်းဦးစီးဌာနရုံး ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း စတိုဆောင်ပြုပြင်ခြင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အုပ်ချုပ်မှုရုံး၊ နှစ်ထပ်သင်တန်းခန်းမဆောင်၊ စားရိပ်သာ၊ မီးဖိုဆောင်၊ သင်တန်းခန်းမနှင့် သင်တန်းသူနှစ်ထပ်အိပ်ဆောင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ RC နှစ်ထပ်ပြုပြင်ခြင်း၊ မီးသတ်ရေကန်ပြုပြင်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ်နံကပ်တစ်ထပ်ပြုပြင်ခြင်း၊ လမ်းဦးစီးဌာနဧည့်ရိပ်သာပြုပြင်ခြင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

# Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့်လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်


**ယမန်နေ့မှအဆက်**

(၃) ထို့နောက် **"ကုဒ်ပေးပို့မည်"** ကို Click နှိပ်ပါ။ MOEE Support Team မှဖြည့်သွင်းလိုက်သော အီးမေးလ်အသစ်ထံသို့ ဂဏန်း (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6 Digit Code)ကို ပေးပို့မည်ဖြစ်ပါသည်။


(၄) အီးမေးလ်ထဲသို့ရောက်ရှိလာသော ဂဏန်း(၆)လုံးပါ ကုဒ်နံပါတ်ကို စနစ်တွင် ရိုက်နှိပ်ပြီး **"အတည်ပြုမည်"** ကို Click နှိပ်ပါ။

(၅) ကုဒ်နံပါတ် မှန်ကန်စွာဖြည့်သွင်းပြီးပါက အီးမေးလ်လိပ်စာ ပြောင်းလဲခြင်းလုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးမည်ဖြစ်ပါသည်။

အထူးသတိပြုရန် - နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း Login ပြုလုပ်သည့်အခါတွင် **"အီးမေးလ်အသစ်"** နှင့် **"မူလလျှို့ဝှက်နံပါတ် (Old Password)"** တို့ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။




ပုံ(၁၀) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၁) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၂) အီးမေးလ်လိပ်စာပြင်ဆင်ရန် ဖောင်ပုံစံ

**ဖုန်းနံပါတ် ပြင်ဆင်ခြင်း**

(၁) ဖုန်းနံပါတ်နေရာ၏ ဘေးရှိ **"ပြောင်းရန်"** ကို Click နှိပ်ပါ။ ထိုအခါ ဖုန်းနံပါတ်အသစ် ဖြည့်သွင်းရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခုပေါ်လာမည်ဖြစ်ပါသည်။

(၂) ပေါ်လာသော မိုဒယ်ဘောက်စ်ရှိ Input Box တွင် မိမိအသုံးပြုလိုသော **ဖုန်းနံပါတ်အသစ် (New Phone Number)** ကို ရိုက်နှိပ်ထည့်သွင်းပါ။


(၃) ထို့နောက် **"ကုဒ်ပေးပို့မည်"** ကို Click နှိပ်ပါ။ ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် ဂဏန်း (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပါသည်။

(၄) ရောက်ရှိလာသော ဂဏန်း(၆)လုံးပါ ကုဒ်နံပါတ်ကို စနစ်တွင် ရိုက်နှိပ်ပြီး **"အတည်ပြုမည်"** ကို Click နှိပ်ပါ။


(၅) ကုဒ်နံပါတ် မှန်ကန်စွာ ဖြည့်သွင်းပြီးပါက ဖုန်းနံပါတ်ပြောင်းလဲခြင်းလုပ်ငန်းစဉ် အောင်မြင်စွာ ပြီးဆုံးမည်ဖြစ်ပါသည်။

အထူးသတိပြုရန် - နောက်တစ်ကြိမ် စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက် Login ပြုလုပ်သည့်အခါတွင် **"ဖုန်းနံပါတ် အသစ်"** နှင့် **"မူလလျှို့ဝှက်နံပါတ် (Old Password)"** တို့ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။

မှတ်ချက် - လျှောက်ထားသူတွင် ဖုန်းနံပါတ်နှင့် အီးမေးလ် နှစ်မျိုးလုံး ရှိနေပါက နောက်တစ်ကြိမ်စနစ်အတွင်းသို့ ပြန်လည်ဝင်ရောက် Login ပြုလုပ်သည့်အခါ "ဖုန်းနံပါတ်" (သို့မဟုတ်) "အီးမေးလ်" နှင့်အတူ မိမိ၏ "မူလ လျှို့ဝှက်နံပါတ် (Old Password)" ကို အသုံးပြု၍ ဝင်ရောက်ရမည်ဖြစ်ပါသည်။




ပုံ(၁၃) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၄) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ




ပုံ(၁၅) ဖုန်းနံပါတ်ပြင်ဆင်ရန် ဖောင်ပုံစံ


**(င) စကားဝှက် ပြောင်းလဲခြင်း**

လျှောက်ထားသူသည် မိမိ၏ စကားဝှက်ကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ပါသည် -

(၁) ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ(User Icon)** ကို Click နှိပ်ပါ။

(၂) ပေါ်လာသော မီနူးဘားမှ **"ဆက်တင်များ" (Settings)** ကို Click နှိပ်၍ ဝင်ရောက်ပါ။

(၃) ထို့နောက် ဘယ်ဘက်ခြမ်းတွင် **"လုံခြုံရေး" (Security)** Tab ကို Click နှိပ်ပါ။ ထို့နောက် **"လုံခြုံရေး" (Security)** Tab သည် Active ဖြစ်နေမည်ဖြစ်ပြီး ညာဘက်ခြမ်းတွင် စကားဝှက်ပြောင်းလဲရန် စာမျက်နှာပေါ်လာမည်ဖြစ်ပါသည်။




ပုံ(၁၆) စကားဝှက်ပြင်ဆင်ရန် ဖောင်ပုံစံ

ဆက်လက်ဖော်ပြပါမည်။

# ခေတ်အဆက်ဆက်ပြောင်းလဲလာသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွေးအခေါ်များ

ကိုချင်း

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်သည်ဟုဆိုရာတွင် နိုင်ငံ၏ဝင်ငွေ သို့မဟုတ် စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP) တိုးတက်လာခြင်းတစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ပေ။ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်း၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများဖွံ့ဖြိုးလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်း၊ လူ့အရင်းအနှီးနှင့် နည်းပညာတိုးတက်လာခြင်း၊ ဒေသအလိုက် ဖွံ့ဖြိုးမှုကွာဟချက်များ လျော့နည်းလာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရင်း ရေရှည်တည်တံ့သော စီးပွားရေးစနစ်တစ်ရပ် တည်ဆောက်နိုင်ခြင်းတို့အားလုံး ပါဝင်ပါသည်။

ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ "ချမ်းသာလာခြင်း" ထက် ပိုမိုကျယ်ပြန့်သည့် အဓိပ္ပာယ်ရှိပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀ ခန့်အတွင်း ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်များကို ပြန်လည်လေ့လာကြည့်လျှင် ခေတ်တစ်ခေတ်နှင့် တစ်ခေတ် မေးခွန်းများမတူညီခဲ့ကြပါ။ အစောပိုင်းတွင် **"နိုင်ငံတစ်နိုင်ငံ မည်သို့ချမ်းသာကြွယ်ဝလာမည်နည်း"** ဟု မေးခဲ့ကြပါသည်။ ထို့နောက် **"စက်မှုလုပ်ငန်းကို မည်သို့တိုးတက်အောင်လုပ်မည်နည်း"**၊ **"ဆင်းရဲမွဲတေမှုမှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် မည်သို့ကူးပြောင်းမည်နည်း"**၊ **"ဒေသတစ်ခုချင်းစီ၏ အားသာချက်ကို မည်သို့အသုံးချမည်နည်း"**၊ **"စီးပွားရေးကို မည်သူက မောင်းနှင်မည်နည်း"** ဟူသော မေးခွန်းများသို့ တဖြည်းဖြည်း ဆင့်ကဲပြောင်းလဲလာခဲ့ပါသည်။

ယနေ့ခေတ်သို့ရောက်လာချိန်တွင်မူ **"အသိပညာနှင့်နည်းပညာကို စီးပွားရေးတန်ဖိုးအဖြစ် မည်သို့ပြောင်းလဲမည်နည်း"**နှင့် **"စီးပွားရေးတိုးတက်မှု၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ကို မည်သို့ဟန်ချက်ညီအောင် ပေါင်းစပ်မည်နည်း"**ဆိုသည့်မေးခွန်းများအထိ ကျယ်ပြန့်လာပြီဖြစ်ပါသည်။

ဤပြောင်းလဲမှုခရီးစဉ်ကို အကြမ်းဖျင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွေးအခေါ် **"မျိုးဆက်ခုနစ်ဆက်"**အဖြစ် ခွဲခြားလေ့လာနိုင်ပါသည်။

**ပထမမျိုးဆက် — လွတ်လပ်သောဈေးကွက်မှ နေ့ဥစ္စာဖန်တီးခြင်းဆီသို့**

၁၇၇၆ ခုနှစ်သည် ခေတ်သစ်စီးပွားရေးပညာသမိုင်းတွင် အရေးပါသည့် နှစ်တစ်နှစ်ဖြစ်ပါသည်။ ထိုနှစ်တွင် Adam Smith ၏ **"The Wealth of Nations"**ထွက်ပေါ်လာခဲ့ပြီး ဂန္ထဝင်စီးပွားရေးပညာ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်လာခဲ့ပါသည်။

ထိုခေတ်၏ အဓိကမေးခွန်းမှာ ရိုးရှင်းပါသည်။ **"နိုင်ငံတစ်နိုင်ငံ မည်သို့ချမ်းသာကြွယ်ဝလာမည်နည်း။"** အဖြေက လွတ်လပ်သောဈေးကွက်၊ အထူးပြုထုတ်လုပ်မှု၊ လုပ်အားခွဲဝေမှုနှင့် ကုန်သွယ်မှုတို့ဖြစ်ပါသည်။

Adam Smith ၏ **"မမြင်နိုင်သောလက် (Invisible Hand)"**သဘောတရားအရ သင့်လျော်သော ဈေးကွက်အခြေအနေများအောက်တွင် လူတစ်ဦးချင်းစီက မိမိအကျိုးစီးပွားကိုရှာဖွေခြင်းဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စီးပွားရေးအကျိုးစီးပွားနှင့်လည်း ဆက်စပ်နိုင်သည်ဟုရှုမြင်ခဲ့ပါသည်။

တစ်ဖက်တွင် **"လုပ်အားခွဲဝေမှု (Division of Labour)"**က ထုတ်လုပ်မှုစွမ်းအားမြင့်မားစေရန် အရေးကြီးကြောင်း ထင်ရှားလာခဲ့ပါသည်။ လူတစ်ဦးတည်းက ထုတ်လုပ်မှုလုပ်ငန်းစဉ်အားလုံးကို ဆောင်ရွက်မည့်အစား အလုပ်များကို အထူးပြုခွဲခြားဆောင်ရွက်စေခြင်းဖြင့် ထုတ်လုပ်မှုကို အမြောက်အမြား တိုးမြှင့်နိုင်ခဲ့ပါသည်။

David Ricardo ၏ နှိုင်းယှဉ်အားသာချက် (Comparative Advantage) သဘောတရားကလည်း နိုင်ငံတိုင်းသည် အရာအားလုံးကို ကိုယ်တိုင်ထုတ်လုပ်ရန်မလိုအပ်ဘဲ မိမိတို့ နှိုင်းယှဉ်အားသာချက်ရှိသော ကုန်ပစ္စည်းများကို အထူးပြုထုတ်လုပ်ကာ အပြန်အလှန် ကုန်သွယ်နိုင်ကြောင်း ရှင်းလင်းပြသခဲ့ပါသည်။

ယင်းအတွေးအခေါ်များသည် ပထမစက်မှုတော်လှန်ရေးနှင့် ပေါင်းစပ်သွားရာမှ ရေနွေးငွေ့အင်ဂျင်၊ စက်ယန္တရားနှင့် စက်ရုံအခြေပြုထုတ်လုပ်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ လက်မှုလုပ်ငန်းမှ စက်ရုံအခြေပြု အမြောက်အမြားထုတ်လုပ်မှုစနစ်သို့ ကမ္ဘာ့စီးပွားရေးအသွင်ပြောင်းသွားခဲ့ပါသည်။




**(Market + Government + Industry + Human Capital + Region + MSME + Innovation + Digital Technology + Sustainability)**

ထို့ကြောင့် ပထမမျိုးဆက်၏ အဓိကအနှစ်သာရမှာ **"ဈေးကွက် + အထူးပြုထုတ်လုပ်မှု + ကုန်သွယ်မှု = နေ့ဥစ္စာဖန်တီးမှု"** ဟု ဆိုနိုင်ပါသည်။

**ဒုတိယမျိုးဆက်—ဈေးကွက်တစ်ခုတည်း မလုံလောက်တော့သည့်ခေတ်**

၂၀ ရာစု အစောပိုင်းသို့ရောက်လာသောအခါ အခြေအနေများပြောင်းလဲလာခဲ့ပါသည်။ အထူးသဖြင့် ၁၉၃၀ ပြည့်နှစ်ဝန်းကျင်ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီးက ဈေးကွက်ယန္တရားတစ်ခုတည်းအပေါ် အားကိုးခြင်း၏ အားနည်းချက်များကို ထင်ရှားစေခဲ့ပါသည်။

ထိုအချိန်မှစ၍ **"အစိုးရ၏အခန်းကဏ္ဍသည် မည်မျှအရေးကြီးသနည်း"**ဟူသောမေးခွန်း ထွက်ပေါ်လာပါသည်။

John Maynard Keynes က စီးပွားရေးကျဆင်းသည့်အချိန်တွင် အစိုးရသည် ဘဏ္ဍာရေးအသုံးစရိတ်နှင့် အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်၍ စုစုပေါင်းဝယ်လိုအားကို ထောက်ပံ့ပေးနိုင်ကြောင်း အလေးထားခဲ့ပါသည်။

ထိုခေတ်တွင် စက်မှုအသွင်ကူးပြောင်းရေး (Industrialization)၊ Keynesian Economics၊ သွင်းကုန်အစားထိုးထုတ်လုပ်ရေး (Import Substitution)နှင့် အစိုးရဦးဆောင်သော ဖွံ့ဖြိုးတိုးတက်ရေး(State-led Development)တို့ ပေါ်ထွက်လာခဲ့ပါသည်။

လမ်း၊ တံတား၊ ဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားနှင့် အခြေခံအဆောက်အအုံများကို အစိုးရက ဦးဆောင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် လိုအပ်သော အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးနိုင်သည်ဟု ယူဆလာကြပါသည်။

ထို့ကြောင့် ဒုတိယမျိုးဆက်၏ အဓိကပြောင်းလဲမှုမှာ **"ဈေးကွက်ကဦးဆောင်သော စီးပွားရေး"** မှ **"အစိုးရနှင့်ဈေးကွက် ပေါင်းစပ်ပါဝင်သောစီးပွားရေး"** သို့ ရွေ့လျားလာခြင်းဖြစ်ပါသည်။

**တတိယမျိုးဆက် — ဆင်းရဲမှုမှ ဖွံ့ဖြိုးပြီးနိုင်ငံသို့**

ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၀ မှ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်အတွင်း ဖွံ့ဖြိုးမှုစီးပွားရေးပညာ (Development Economics) သည် ပိုမိုထင်ရှားလာခဲ့ပါသည်။

အဓိကမေးခွန်းမှာ **"ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသည် ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံအဖြစ် မည်သို့အသွင်ကူးပြောင်းမည်နည်း။"**

Sir Arthur Lewis ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပုံစံ အပြောင်းအလဲ (Structural Transformation) နှင့် နှစ်ကဏ္ဍခွဲခွဲစီးပွားရေးမော်ဒယ် (Dual Economy Model) တို့က စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်မားသည့် စက်မှုကဏ္ဍသို့ လုပ်သားအင်အား ရွှေ့ပြောင်းခြင်းအားဖြင့် နိုင်ငံ၏ စုစုပေါင်းထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်ကြောင်းဖော်ပြခဲ့ပါသည်။

Walt Rostow ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အဆင့်ဆင့်ဖြတ်သန်းရသည့် ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း ရှုမြင်ခဲ့ပါသည်။

ထိုခေတ်တွင် ပို့ကုန်အခြေပြုစက်မှုထွန်းကားရေး (Export-oriented Industrialization) လည်း အရေးပါလာပါသည်။ ပြည်တွင်းဈေးကွက်အတွက်သာ ထုတ်လုပ်မည့်အစား နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ နည်းပညာ၊ အရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းရည်တို့ တိုးတက်လာနိုင်ပါသည်။

သို့သော် စက်ရုံတည်ဆောက်ခြင်းနှင့် စက်ယန္တရားဝယ်ယူခြင်း တစ်ခုတည်းဖြင့် ဖွံ့ဖြိုးမှုမဖြစ်နိုင်ကြောင်းနှင့် လူသားအရင်းအနှီးသည်လည်း အဓိကကျကြောင်း ပိုမိုသိရှိလာကြပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကျွမ်းကျင်မှုတို့တွင် ရင်းနှီးမြှုပ်နှံခြင်းသည် လူတစ်ဦးချင်း၏ ထုတ်လုပ်နိုင်စွမ်းသာမက နိုင်ငံ၏ ရေရှည်စီးပွားရေးတိုးတက်မှုကိုပါ မြှင့်တင်ပေးပါသည်။

ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်နှင့် စင်ကာပူတို့၏ လျင်မြန်သော စက်မှုနှင့် ပို့ကုန် ဖွံ့ဖြိုးမှုများသည် ယင်းဖွံ့ဖြိုးရေးအတွေးအခေါ်များ၏ ထင်ရှားသော အတွေ့အကြုံများဖြစ်လာခဲ့ပါသည်။

**စတုတ္ထမျိုးဆက် — ဒေသတိုင်းကို ပုံစံတစ်မျိုးတည်းဖြင့် ဖွံ့ဖြိုး၍မရ**

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးရေးအတွေးအခေါ်သည် **"နိုင်ငံအဆင့်"** မှ **"ဒေသအဆင့်"** သို့ ပိုမိုရွေ့လျားလာခဲ့ပါသည်။

ဒေသတိုင်းတွင် သဘာဝအရင်းအမြစ်၊ ရာသီဥတု၊ ယဉ်ကျေးမှု၊ လူ့စွမ်းအား၊ ကျွမ်းကျင်မှုနှင့် စီးပွားရေးအခြေအနေတို့ တူညီခြင်းမရှိပေ။ ထို့ကြောင့် ဒေသအားလုံးကို ပုံစံတစ်မျိုးတည်းဖြင့် ဖွံ့ဖြိုးစေရန်ကြိုးပမ်းခြင်းထက် ဒေသတစ်ခုချင်းစီ၏ ကိုယ်ပိုင်အားသာချက်ကို ဖော်ထုတ်အသုံးချရန် လိုအပ်လာပါသည်။

ယင်းမှ ဒေသတွင်းအခြေပြု ဖွံ့ဖြိုးတိုးတက်မှု (Endogenous Development)၊ ဒေသဆိုင်ရာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Local Economic Development)၊ စီးပွားရေးလုပ်ငန်းတူအစုအဖွဲ့ (Cluster) နှင့် တန်ဖိုးကွင်းဆက် (Value Chain) စသည့် အယူအဆများ ပိုမိုအရေးပါလာပါသည်။

ကုန်ကြမ်းထုတ်လုပ်ခြင်း တစ်ခုတည်းဖြင့် မလုံလောက်တော့ပေ။ ကုန်ကြမ်းမှ ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကုန်အမှတ်တံဆိပ်တည်ဆောက်ခြင်းနှင့် ဈေးကွက်ဖြန့်ဖြူးခြင်းအထိ ချိတ်ဆက်သည့် တန်ဖိုးကွင်းဆက်တစ်ခုလုံး တည်ဆောက်ရန် လိုအပ်လာပါသည်။

Michael Porter ၏ စီးပွားရေးလုပ်ငန်းတူ အစုအဖွဲ့ အယူအဆနှင့်အတူ ဂျပန်နိုင်ငံ Oita စီရင်စုမှ စတင်ခဲ့သော ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Village One Product- OVOP) အစီအစဉ်သည်လည်း ဒေသထွက်ကုန်အခြေပြုဖွံ့ဖြိုးရေးပုံစံတစ်ခုအဖြစ် လူသိများလာခဲ့ပါသည်။ နောက်ပိုင်းတွင် အခြားနိုင်ငံများ၌ OTOP နှင့် OROP စသည့် ပုံစံများအဖြစ် ပျံ့နှံ့လာခဲ့ပါသည်။

ဤမျိုးဆက်၏သင်ခန်းစာမှာ ရှင်းလင်းပါသည်။ ဒေသတိုင်းကို တူညီသောပုံစံဖြင့် ဖွံ့ဖြိုးစေရန် မဟုတ်ဘဲ ဒေသတစ်ခုချင်းစီ၏ ထူးခြားသော အားသာချက်ကိုဖော်ထုတ်၍ အထူးပြုဖွံ့ဖြိုးစေရန် ဖြစ်ပါသည်။

**ပဉ္စမမျိုးဆက် — MSME နှင့် စွန့်ဦးတီထွင်သူတို့ ရှေ့တန်းရောက်လာခြင်း**

၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်ဝန်းကျင်တွင် နောက်ထပ် မေးခွန်းတစ်ခု ပေါ်လာခဲ့ပါသည်။ **"စီးပွားရေး၏ အဓိကမောင်းနှင်အားကို မည်သူက ဦးဆောင်မည်နည်း။"**

ယခင်က အစိုးရနှင့် အကြီးစားစက်မှုလုပ်ငန်းများကို အဓိကထားခဲ့သော်လည်း ယခုအခါ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) များနှင့် စွန့်ဦးတီထွင်သူများ၏ အခန်းကဏ္ဍ ပိုမိုကြီးမားလာခဲ့ပါသည်။

MSME များသည် အလုပ်အကိုင်ဖန်တီးပေးနိုင်ပါသည်။ ဒေသတွင်းဝင်ငွေ တိုးတက်စေနိုင်ပါသည်။ အကြီးစားစက်မှုလုပ်ငန်းများနှင့် ထောက်ပံ့ကွင်းဆက် (Supply Chain) ချိတ်ဆက်နိုင်ပါသည်။ ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ပါသည်။

အင်တာနက်နှင့် ဒီဂျစ်တယ်နည်းပညာများ ကျယ်ပြန့်လာခြင်းကလည်း လုပ်ငန်းစတင်ရန် ကုန်ကျစရိတ်များကို လျှော့ချပေးခဲ့ပြီး လုပ်ငန်းငယ်များကိုပင် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စေခဲ့ပါသည်။

စီးပွားရေးပျိုးထောင်မှုစနစ် (Business Incubators)၊ စီးပွားရေးအရှိန်မြှင့်ပေးမှုစနစ် (Accelerators) နှင့် စွန့်စားရဲသောရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ (Venture Capital) စနစ်များ ပေါ်ပေါက်လာခြင်းက စွန့်ဦးတီထွင်လုပ်ငန်းသစ်များ ရှင်သန်ကြီးထွားနိုင်ရေးအတွက် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးလာခဲ့ပါသည်။ ထို့ကြောင့် အစိုးရ၏အခန်းကဏ္ဍသည်လည်း ပြောင်းလဲလာရပါသည်။

အစိုးရကိုယ်တိုင် ထုတ်လုပ်သူဖြစ်နေခြင်းတစ်ခုတည်းထက် ပုဂ္ဂလိကကဏ္ဍ၊ MSME နှင့် စွန့်ဦးတီထွင်သူများ လွတ်လပ်စွာ **စာမျက်နှာ ၁၄ သို့** ■

■ စာမျက်နှာ ၁၃ မှအဆက်

ကြီးထွားနိုင်ရန် သင့်လျော်သော မူဝါဒ၊ ငွေကြေး၊ နည်းပညာ၊ အခြေခံအဆောက်အအုံနှင့် ဈေးကွက်ပတ်ဝန်းကျင်တို့ ဖန်တီးပေးသည့် **ဝန်းကျင်ကောင်းဖန်တီးပေးသူ** (Enabler) အဖြစ် အရေးပါလာပါသည်။

**ဆဋ္ဌမမျိုးဆက် — မြေ၊ အရင်းအနှီးနှင့် စက်ပစ္စည်းထက် "အသိပညာ" က ပိုတန်ဖိုးရှိလာခြင်း**

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေး၏ တန်ဖိုးဖန်တီးမှုပုံစံ အခြေခံကျကျ ပြောင်းလဲလာပါသည်။ ယခင်က စက်ရုံအရွယ်အစား၊ စက်ယန္တရားအရေအတွက်နှင့် ရင်းနှီးမြှုပ်နှံထားသည့် ငွေကြေးပမာဏတို့ကို အဓိကထားခဲ့သော်လည်း အသိပညာ၊ နည်းပညာ၊ သုတေသနနှင့် ဆန်းသစ်တီထွင်နိုင်စွမ်းတို့က ပိုမိုအရေးပါလာခဲ့ပါသည်။

ဆန်းသစ်တီထွင်မှု (Innovation) သည် ကုမ္ပဏီတစ်ခုတည်းက ဖန်တီးနိုင်သည့်အရာမဟုတ်တော့ပေ။ တက္ကသိုလ်များက အသိပညာနှင့် သုတေသနကို ဖန်တီးပေးရပါသည်။ စက်မှုလုပ်ငန်းများက ထိုအသိပညာကို ထုတ်ကုန်နှင့် စီးပွားရေးတန်ဖိုးအဖြစ် ပြောင်းလဲရပါသည်။ အစိုးရက သင့်လျော်သောမူဝါဒ၊ စည်းမျဉ်းနှင့် အထောက်အပံ့ပတ်ဝန်းကျင်ကို ဖန်တီးပေးရပါသည်။

ထို့ပြင် အထူးသီးသန့်ပြုလုပ်မှုများ (Smart Specialisation)၊ ဒေသအလိုက် ဆန်းသစ်တီထွင်မှုစနစ်များ (Regional Innovation System) နှင့် စွန့်ဦးတီထွင်သူများ ဂေဟစနစ် (Entrepreneurship Ecosystem) စသည့် အယူအဆများလည်း ပိုမိုအရေးပါလာပါသည်။

ဉာဏ်ရည်တု (AI)၊ ကြီးမားသော ဒေတာအချက်အလက်များ (Big Data)၊ အင်တာနက် ချိတ်ဆက်ကိရိယာများ (IoT) နှင့် ခိုင်လုံသော မှတ်တမ်းကွင်းဆက်နည်းပညာ (Blockchain) ကဲ့သို့သော ဒီဂျစ်တယ်နည်းပညာများသည် ထုတ်လုပ်မှုမှ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုနှင့် ဈေးကွက်ရှာဖွေမှုအထိ စီးပွားရေးလုပ်ငန်းပုံစံများကို ပြောင်းလဲစေခဲ့ပါသည်။

ထို့ကြောင့် စီးပွားရေးတိုးတက်မှု၏ အခြေခံသည် **"အရင်းအနှီးပမာဏ မည်မျှရှိသနည်း"** ဟူသော မေးခွန်းမှ **"အသိပညာနှင့် ဆန်းသစ်တီထွင်နိုင်စွမ်း မည်မျှရှိသနည်း"** ဟူသော မေးခွန်းဆီသို့ ရွှေ့လျားလာခဲ့ပါသည်။

**သတ္တမမျိုးဆက် — Industry 4.0 နှင့် ရေရှည်တည်တံ့သော စီးပွားရေး**

၂၀၂၀ ပြည့်နှစ်နောက်ပိုင်းမှ ၂၀၃၅ ခုနှစ်ဆီသို့ လှမ်းနေသည့် ယနေ့ခေတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုသည် ပိုမိုရှုပ်ထွေးလာပါသည်။

အဓိကမေးခွန်းမှာ **"နည်းပညာအဆင့်မြင့်မားမှု၊ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုတို့ကို မည်သို့ပေါင်းစပ်မည်နည်း။"**

စက်မှုပြုပြင်ပြောင်းလဲရေး ၄.၀ (Industry 4.0) တွင် ဉာဏ်ရည်တု (AI)၊ အင်တာနက် ချိတ်ဆက်ကိရိယာများ (IoT)၊ အဝေးထိန်းဆာဗာကြီးများနှင့် ချိတ်ဆက်အသုံးပြုသည့်စနစ် (Cloud Computing)၊ ကြီးမားသော ဒေတာအချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်း (Big Data Analytics) နှင့် 5G ကဲ့သို့ နည်းပညာများကို စက်ရုံထုတ်လုပ်မှုနှင့် ပေါင်းစပ်လာပါသည်။

စက်ပစ္စည်းများအချင်းချင်း ဆက်သွယ်နိုင်ပါသည်။ အချိန်နှင့်တစ်ပြေးညီ အချက်အလက် (Real-time Data) များကို စောင့်ကြည့်နိုင်ပါသည်။ စက်ချို့ယွင်းမည့် အခြေအနေကို ကြိုတင်ခန့်မှန်း၍ ပြုပြင်ထိန်းသိမ်းနိုင်ပါသည်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို အလိုအလျောက် ထိန်းချုပ်နိုင်လာပါသည်။

ရလဒ်အနေဖြင့် ထုတ်လုပ်မှုမြင့်တက်ခြင်း၊ အရည်အသွေးတိုးတက်ခြင်းနှင့် ကုန်ကျစရိတ်လျှော့ချခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

သို့သော် နည်းပညာတိုးတက်မှုတစ်ခုတည်းနှင့် မလုံလောက်တော့ပေ။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် သယံဇာတရှားပါးလာမှုတို့ကြောင့် အစိမ်းရောင်စက်မှုလုပ်ငန်း (Green Industry) နှင့် တစ်ပတ်လည်စီးပွားရေးစနစ် (Circular Economy) တို့သည် စီးပွားရေးမူဝါဒ၏ အဓိကအစိတ်အပိုင်းများ ဖြစ်လာပါသည်။

ယခင်က **ယူ – ထုတ်လုပ် – စွန့်ပစ် (Take–Make–Dispose)** စနစ်မှ **ပြင်ဆင် – ပြန်လည်အသုံးပြု – ပြန်လည်ပြုပြင်အသုံးချ (Repair–Reuse–Recycle)** စနစ်သို့ ပြောင်းလဲရန်လိုအပ်လာပါသည်။

ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ကုန်ကြမ်းနှင့် စွမ်းအင်ကို ထိရောက်စွာအသုံးချခြင်း၊ စွန့်ပစ်ပစ္စည်းလျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုခြင်းတို့မှ စီးပွားရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ပြိုင်နက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်လာပါသည်။

စီးပွားရေးနှင့်စီမံအုပ်ချုပ်မှုမူဘောင်(Environmental, Social and Governance– ESG) သည်လည်း စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များတွင် ပိုမိုအရေးပါလာပါသည်။

လုပ်ငန်းတစ်ခု ကောင်း၊ မကောင်းကို အမြတ်အစွန်း မည်မျှရသနည်းဟူသော စံနှုန်းတစ်ခုတည်းဖြင့် မတိုင်းတာတော့ဘဲ သဘာဝပတ်ဝန်းကျင်အပေါ် မည်မျှတာဝန်ယူသနည်း၊ လူမှုအသိုင်းအဝိုင်းအပေါ် မည်သို့အကျိုးပြုသနည်း၊ စီမံအုပ်ချုပ်မှု မည်မျှကောင်းမွန်သနည်းဟူ၍ပါ တိုင်းတာလာကြပါသည်။

ကာဗွန်မျှခြေဖြစ်ရေး (Carbon Neutrality) နှင့် ကာဗွန်အလုံးစုံစိစစ်လျှော့ချရေး(Net Zero)၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ လျှပ်စစ်သုံးယာဉ်၊ စွမ်းအင်အကျိုးရှိစွာအသုံးချမှုနှင့် သန့်ရှင်းသောနည်းပညာ (Clean Technology) များသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသောအစိတ်အပိုင်းများ ဖြစ်လာကြပါသည်။

ရုပ်ဝတ္ထုနှင့် ဒီဂျစ်တယ်စနစ်ပေါင်းစပ်ခြင်း(Cyber–Physical Integration)နှင့် ဒီဂျစ်တယ်ပုံတူ (Digital Twin) ကဲ့သို့ နည်းပညာများက ရုပ်ပိုင်းဆိုင်ရာစက်ရုံနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တို့၏ ဒီဂျစ်တယ်ပုံတူကို ဖန်တီးကာ ထုတ်လုပ်မှုမစတင်မီစမ်းသပ်ခြင်း၊ ကြိုတင်ခန့်မှန်းခြင်းနှင့် အကောင်းဆုံးဖြစ်အောင် ပြုပြင်ခြင်းတို့ ပြုလုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိလာနေပြီဖြစ်ပါသည်။

**မျိုးဆက်ဟောင်းကိုမစွန့်ပစ်ဘဲ မျိုးဆက်သစ်နှင့် ပေါင်းစပ်ရန်**

ခေတ်အဆက်ဆက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွေးအခေါ်များကို လေ့လာရာတွင် အရေးကြီးဆုံးသင်ခန်းစာတစ်ခုရှိပါသည်။

**နောက်ဆုံးပေါ်အယူအဆသည် ယခင်အယူအဆအားလုံးကို အစားထိုးလိုက်ခြင်းမဟုတ်ပေ။ ပထမမျိုးဆက်မှ ဈေးကွက်နှင့် ကုန်သွယ်မှု၏အရေးပါမှုကို ရရှိခဲ့ပါသည်။ ဒုတိယမျိုးဆက်မှ အစိုးရ၏ မူဝါဒနှင့် အခြေခံအဆောက်အအုံကဏ္ဍ၏ အရေးပါမှုကို သိရှိခဲ့ပါသည်။ တတိယမျိုးဆက်မှ စက်မှုအသွင်ကူးပြောင်းရေး၊ ပို့ကုန်နှင့် လူ့အရင်းအနှီး၏ အရေးပါမှုကိုရရှိခဲ့ပါသည်။ စတုတ္ထမျိုးဆက်မှ ဒေသအလိုက်အားသာချက်၊ စီးပွားရေးလုပ်ငန်းတူ အစုအဖွဲ့ (Cluster) နှင့် တန်ဖိုးကွင်းဆက် (Value Chain) ကို သိရှိခဲ့ပါသည်။ ပဥ္စမမျိုးဆက်မှ MSME နှင့် စွန့်ဦးတီထွင်မှု၏အင်အားကို တွေ့ရှိခဲ့ပါသည်။ ဆဋ္ဌမမျိုးဆက်မှ အသိပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်နည်းပညာတို့သည် စီးပွားရေးတန်ဖိုးဖန်တီးမှု၏ အခြေခံဖြစ်လာကြောင်းသိရှိခဲ့ပါသည်။ သတ္တမမျိုးဆက်တွင်မူ ယင်းတို့အားလုံးကို စက်မှုပြုပြင်ပြောင်းလဲရေး ၄.၀ (Industry 4.0)၊ အစိမ်းရောင်စက်မှုလုပ်ငန်း (Green Industry) နှင့် တစ်ပတ်လည်စီးပွားရေးစနစ် (Circular Economy)၊ စီးပွားရေးနှင့် စီမံအုပ်ချုပ်မှုမူဘောင် (ESG) နှင့် ကာဗွန်အလုံးစုံစိစစ်လျှော့ချရေး (Net Zero) တို့နှင့် ပေါင်းစပ်ရန်လိုအပ်လာပြီဖြစ်ပါသည်။**

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် အကောင်းဆုံးမူဝါဒသည် မျိုးဆက်တစ်ဆက်၏ အယူအဆကိုသာ ရွေးချယ်ကျင့်သုံးခြင်းမဟုတ်ဘဲ မျိုးဆက်တစ်ဆက်ချင်းစီ၏ အားသာချက်ကို မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် ပေါင်းစပ်အသုံးချခြင်းဖြစ်ပါသည်။

**နောက်ဆုံးပေါ်အယူအဆသည် ယခင်အယူအဆအားလုံးကို အစားထိုးလိုက်ခြင်းမဟုတ်ပေ။ ပထမမျိုးဆက်မှ ဈေးကွက်နှင့် ကုန်သွယ်မှု၏အရေးပါမှုကို ရရှိခဲ့ပါသည်။ ဒုတိယမျိုးဆက်မှ အစိုးရ၏မူဝါဒနှင့် အခြေခံအဆောက်အအုံကဏ္ဍ၏အရေးပါမှုကိုသိရှိခဲ့ပါသည်။ တတိယမျိုးဆက်မှ စက်မှုအသွင်ကူးပြောင်းရေး၊ ပို့ကုန်နှင့် လူ့အရင်းအနှီး၏ အရေးပါမှုကိုရရှိခဲ့ပါသည်။ စတုတ္ထမျိုးဆက်မှ ဒေသအလိုက်အားသာချက်၊ စီးပွားရေးလုပ်ငန်းတူအစုအဖွဲ့ (Cluster) နှင့် တန်ဖိုးကွင်းဆက် (Value Chain) ကို သိရှိခဲ့ပါသည်။ ပဥ္စမမျိုးဆက်မှ MSME နှင့် စွန့်ဦးတီထွင်မှု၏အင်အားကို တွေ့ရှိခဲ့ပါသည်။ ဆဋ္ဌမမျိုးဆက်မှ အသိပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်နည်းပညာတို့သည် စီးပွားရေးတန်ဖိုးဖန်တီးမှု၏ အခြေခံဖြစ်လာကြောင်းသိရှိခဲ့ပါသည်။ သတ္တမမျိုးဆက်တွင်မူ ယင်းတို့အားလုံးကို စက်မှုပြုပြင်ပြောင်းလဲရေး ၄.၀ (Industry 4.0)၊ အစိမ်းရောင်စက်မှုလုပ်ငန်း (Green Industry) နှင့် တစ်ပတ်လည်စီးပွားရေးစနစ် (Circular Economy)၊ စီးပွားရေးနှင့် စီမံအုပ်ချုပ်မှုမူဘောင် (ESG) နှင့် ကာဗွန်အလုံးစုံစိစစ်လျှော့ချရေး (Net Zero) တို့နှင့် ပေါင်းစပ်ရန်လိုအပ်လာပြီဖြစ်ပါသည်။**

**၂၁ ရာစု စီးပွားရေး၏ အဓိကအဖြေ**

၂၁ ရာစု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် "ပိုမိုထုတ်လုပ်နိုင်ရန်" ဆိုသည့် ရည်မှန်းချက်တစ်ခုတည်းဖြင့် မလုံလောက်တော့ပေ။

- ပိုမိုထိရောက်စွာ ထုတ်လုပ်နိုင်ရန်၊
- ပိုမိုဆန်းသစ်တီထွင်နိုင်ရန်၊
- နိုင်ငံတကာဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်ရန်၊
- တန်ဖိုးပိုမိုမြင့်မားသောထုတ်ကုန်များဖန်တီးနိုင်ရန်၊
- လူ့အရင်းအနှီးကို ပိုမိုမြှင့်တင်နိုင်ရန်နှင့်
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းအတွက် ရေရှည်တည်တံ့စွာ ထုတ်လုပ်နိုင်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် လွတ်လပ်ပြီး ယှဉ်ပြိုင်နိုင်သောဈေးကွက်တစ်ခုတည်းနှင့် မလုံလောက်သကဲ့သို့ အစိုးရဦးဆောင်မှုတစ်ခုတည်းလည်း မလုံလောက်ပေ။

ထိရောက်သောအစိုးရ၊ အားကောင်းသောပုဂ္ဂလိကကဏ္ဍ၊ ခိုင်မာသောစက်မှုအခြေခံ၊ အရည်အသွေးမြင့်လူသားအရင်းအနှီး၊ ဒေသအခြေပြု စီးပွားရေးလုပ်ငန်းတူအစုအဖွဲ့နှင့် တန်ဖိုးကွင်းဆက်၊ တက်ကြွသော MSME နှင့် စွန့်ဦးတီထွင်မှု၊ တက္ကသိုလ်နှင့် စက်မှုလုပ်ငန်းချိတ်ဆက်သည့် ဆန်းသစ်တီထွင်မှုစနစ်၊ ဒီဂျစ်တယ်နည်းပညာနှင့် အစိမ်းရောင်စက်မှုလုပ်ငန်းတို့ အပြန်အလှန်ချိတ်ဆက်နိုင်ရန် လိုအပ်ပါသည်။

တစ်နည်းအားဖြင့်ဆိုသော် ခေတ်သစ်စီးပွားရေး၏ မောင်းနှင်အားမှာ အရာတစ်ခုတည်းအပေါ် မူတည်နေခြင်းမဟုတ်တော့ပေ။

**ဈေးကွက်၊ အစိုးရ၊ စက်မှုလုပ်ငန်း၊ လူသားအရင်းအမြစ်တန်ဖိုး၊ ဒေသဆိုင်ရာ၊ MSME၊ ဆန်းသစ်တီထွင်မှု၊ ဒီဂျစ်တယ်နည်းပညာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု**တို့ကို စနစ်တကျပေါင်းစပ်ချိတ်ဆက်နိုင်ခြင်းကသာ နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းကို ဆုံးဖြတ်လာမည်ဖြစ်ပါသည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သင်ခန်းစာ**

ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမှာ စက်မှုဖွံ့ဖြိုးပြီးနောက်မှ ဒီဂျစ်တယ်စနစ်သို့ တဖြည်းဖြည်းကူးပြောင်းခွင့်ရသည့် ယခင်ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အခြေအနေနှင့်မတူတော့ပေ။

စက်မှုအခြေခံကို တည်ဆောက်နေရင်း Industry 4.0 ကို လိုက်ရမည်။ MSME များကို မြှင့်တင်နေရင်း နိုင်ငံတကာတန်ဖိုးကွင်းဆက်နှင့် ချိတ်ဆက်ရမည်။ စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနေရင်း အစိမ်းရောင်စွမ်းအင်(Green Energy)ကို ကူးပြောင်းရမည်။ ထုတ်လုပ်မှုတိုးမြှင့်နေရင်း ကာဗွန်လျှော့ချရေး (Carbon Reduction)ကိုလည်း ဆောင်ရွက်ရမည်။ လူ့အရင်းအနှီးကိုတည်ဆောက်နေရင်း ဉာဏ်ရည်တု (AI) နှင့် အလိုအလျောက် (Automation) ခေတ်အတွက် ကျွမ်းကျင်မှုအသစ်များကို တစ်ပြိုင်နက်ပြင်ဆင်ရမည်။

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ယနေ့စီးပွားရေးဖွံ့ဖြိုးရေးသည် **အဆင့်တစ်ဆင့်ပြီးမှတစ်ဆင့် ဆောင်ရွက်နိုင်သည့် လမ်းကြောင်းတစ်ခုထက် မျိုးဆက်များစွာ၏ ဖွံ့ဖြိုးရေးအယူအဆများကို တစ်ပြိုင်နက်တည်း ပေါင်းစပ်အကောင်အထည်ဖော်ရသည့် လုပ်ငန်းစဉ်**ဖြစ်လာပါသည်။

ခေနဥတ္တာဖန်တီးခြင်းမှ စတင်ခဲ့သည့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုခရီးစဉ်သည် စက်မှုဖွံ့ဖြိုးရေး၊ လူသားအရင်းအနှီး၊ ဒေသဖွံ့ဖြိုးရေး၊ MSME နှင့် စွန့်ဦးတီထွင်မှု၊ အသိပညာနှင့် ဆန်းသစ်တီထွင်မှုတို့ကို ဖြတ်သန်းလာခဲ့ပြီး ယနေ့တွင် နည်းပညာ၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ ဟန်ချက်ညီစွာပေါင်းစပ်သည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်လာနေပြီဖြစ်ပါသည်။

အနာဂတ်တွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုကို **"မည်မျှထုတ်လုပ်နိုင်သနည်း"** ဟူသည့် အတိုင်းအတာတစ်ခုတည်းဖြင့် ဆုံးဖြတ်တော့မည်မဟုတ်ပေ။

**မည်မျှထိရောက်စွာထုတ်လုပ်နိုင်သနည်း၊ မည်မျှတန်ဖိုးမြင့်အောင် ပြောင်းလဲနိုင်သနည်း၊ မည်မျှဆန်းသစ်တီထွင်နိုင်သနည်း၊ မည်မျှယှဉ်ပြိုင်နိုင်သနည်းနှင့် မည်မျှရေရှည်တည်တံ့စွာ ဖွံ့ဖြိုးနိုင်သနည်း** ဟူသောအချက်များကိုပေါင်းစပ်၍ ဆုံးဖြတ်လာမည်ဖြစ်ပါသည်။

ဤသည်ပင် ခေနဥတ္တာဖန်တီးခြင်းကိုသာ အဓိကထားခဲ့သည့် ၁၈ ရာစု စီးပွားရေးအတွေးအခေါ်မှ လူသား၊ နည်းပညာ၊ စီးပွားရေးနှင့် ကမ္ဘာမြေ၏ ရေရှည်တည်တံ့မှုကို တစ်ပြိုင်နက်တည်း ထည့်သွင်းစဉ်းစားလာသည့် ၂၁ ရာစု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထိ ရာစုနှစ်များစွာ ဖြတ်သန်းပြောင်းလဲလာခဲ့သော ခရီးစဉ်ပင်ဖြစ်ပါသည်။ ။

# ကွန်ပျူတာတက္ကသိုလ် (မုံရွာ)၌ ပရောဂျက်ပြပွဲကျင်းပ



မုံရွာ ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ကျောင်းသား၊ ကျောင်းသူများ၏ နဝမအကြိမ် ပရောဂျက်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ပရောဂျက်ပြပွဲတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် စုပေါင်းဖန်တီးပြုလုပ်ထားသည့်ပရောဂျက်များကို ပြခန်း ၅၉ ခန်း ဖွင့်လှစ်ပြသထားသည်။

အဆိုပါပရောဂျက်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ကျောင်းအုပ်ကြီးထံ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကွန်ပျူတာတက္ကသိုလ်စာကြည့်တိုက်အတွင်းရှိစာအုပ်စာစောင်များနှင့် ကွန်ပျူတာလက်တွေ့သင်ကြားရေးအခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ



ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(နန်းတွင်းယိမ်း)တွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(တိုင်းရင်းသားယိမ်း)တွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(တစ်ဦးချင်း)(အမျိုးသား)တွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(တစ်ဦးချင်း)(အမျိုးသမီး)တွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



အငြိမ့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၈

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းပြိုင်ပွဲများအဖြစ် ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၉ ဦးက ရှုးရှုးမိုက်မိုက်အချစ်သီချင်းဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(နန်းတွင်းယိမ်း)ကို ပြိုင်ပွဲဝင်အဖွဲ့ ၆ ဖွဲ့ကလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲ(တိုင်းရင်းသားယိမ်း)ကို ပြိုင်ပွဲဝင် အဖွဲ့ ၆ ဖွဲ့ကလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(တစ်ဦးချင်း)(အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၇ ဦးကလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(တစ်ဦးချင်း)(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၇ ဦးကလည်းကောင်း အသီးသီးကပြဖျော်ဖြေယှဉ်ပြိုင်ကြသည်။

အလားတူ ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့်ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြဇာတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး၊ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအားလိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသနေမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာနှင့်အဖွဲ့ဝင်များသည် သားဖွားမီးယပ်နှင့်မွေးကင်းစကုသဆောင်သို့သွားရောက်၍ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးလူနာများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊

**စာမျက်နှာ ၁၇ သို့ ➩**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုပုံစံငယ်အားကြည့်ရှုစစ်ဆေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတိုက်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင်နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၉)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)တို့မှ ဗိုလ်လောင်းများ၏ စစ်လက်ရုံးရွေးချယ်ပွဲများသို့ တက်ရောက်စိစစ်ရွေးချယ်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၉) စစ်လက်ရုံးရွေးချယ်ပွဲတွင် ဗိုလ်လောင်းတစ်ဦးချင်းစီအား တွေ့ဆုံမေးမြန်း၍ စိစစ်ရွေးချယ်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့ နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့တွင် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၉) နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)တို့၏ စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက် စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့်ကြိုးစားအားထုတ်မှုများ၊ နည်းပညာဘာသာရပ်ပိုင်းဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်းဆိုင်ရာတို့တွင် နှစ်အလိုက်ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ၎င်းတို့စိတ်ပါဝင်စားမှုများ အပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်လက်ရုံးအသီးသီး အတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်းရှိ ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

---

➪ စာမျက်နှာ ၁၆ မှ

စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ်နှင့် စစ်ရေးချုပ်တို့က ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အဦများ တိုးချဲ့တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နေရာချထားပေးလျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆောက်အဦများတည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်းပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်၊ အထပ်မြင့်အဆောက်အဦများကို သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်အောင် စနစ်တကျတွက်ချက်ဆောက်လုပ်သွားရန်၊ တည်ဆောက်ပြီးစီးသည့် အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာချထားပေးသွားရန်၊ ပြောင်းရွှေ့ရောက်ရှိလာမည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုများ အဆင်ပြေစွာဖြင့် အဆင်သင့်နေထိုင်စားသောက်နိုင်ရေးအတွက် အခြေခံစားကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများကို ကြိုတင်ဖြည့်ဆည်းစီမံဆောင်ရွက်ပေးထားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ တိုက်ခန်းများအတွင်း လက်ရှိနေထိုင်လျက်ရှိသူများနှင့် ထပ်မံရောက်ရှိလာမည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုများအတွက် အဆင်ပြေစွာ အဆင်သင့်နေထိုင်စားသောက်နိုင်ရေး အခြေခံစားသောက်ကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အိမ်သုံးပရိဘောဂပစ္စည်းများ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာတွင်နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်ချက်များကိုမေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်မှုထမ်းဟောင်းများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ စစ်မှုထမ်းဟောင်းမိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ambassador of Thailand presents his Letter of Credence to President of the Republic of the Union of Myanmar U Min Aung Hlaing



President U Min Aung Hlaing receives H.E. Mr. Tor Saralamba, Ambassador of Thailand to Myanmar, at the Letter of Credence presentation ceremony.

NAY PYI TAW August 28

H.E. Mr. Tor Saralamba, who has been agreed to be appointed as the Ambassador Extraordinary and Plenipotentiary of Thailand to the Republic of the Union of Myanmar, presented his Letter of Credence to President of the Republic of the Union of Myanmar U Min Aung Hlaing at the Credentials Hall of the Presidential Palace Reception Hall in Nay Pyi Taw at 11 am today.

First, the Ambassador of Thailand arrived at the Honorary Hall of the Presidential Palace Reception Hall and saluted the national flags of the Republic of the Union of Myanmar and the Kingdom of Thailand. The Thai Ambassador took the salute from the Guard of Honour, which played the national anthems of the two countries.

Thai Ambassador H.E. Mr. Tor Saralamba presented his Letter of Credence to President U Min Aung Hlaing at the Presidential Palace Diplomatic Reception Hall.

At the meeting, they cordially discussed the strengthening good diplomatic relations, friendship and coopeation between Myanmar and Thailand, and the inseparable mutual understanding and trust-based neighbourly relations between Myanmar and Thailand, the prospects to enhance cooperation in trade and investment sectors between the two countries, the promotion of cooperation in efforts to develop the border trade and ensure security, peace and stability in border regions, the efforts of both countries to initiate multi-party democracy the people aspire to, plans to continuously beef up friendly ties and cooperation, and the exchange of State-level goodwill visits between Myanmar and Thailand.

After the meeting, the President and the Thai Ambassador posed for a documentary group photo.

Also present at the ceremony were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, Director-General of the Protocol Department U Thet Tun, and the Thai Ambassador to Myanmar, his wife and officials.

Later, the Ambassador of Thailand to Myanmar signed the Guest Book at the Presidential Palace Reception Hall.

**Myawady**

# Vice President U Nyo Saw receives delegation led by Thai Ambassador to Myanmar



Vice President U Nyo Saw receives Thai Ambassador to Myanmar H.E. Mr. Tor Saralamba.

NAY PYI TAW August 28

Vice President U Nyo Saw received a delegation led by Thai Ambassador to Myanmar H.E. Mr. Tor Saralamba at the Presidential Palace Diplomatic Reception Hall in Nay Pyi Taw this afternoon.

During the meeting, they warmly and openly exchanged views on the positive outcomes achieved for both countries and their peoples through bilateral discussions, business forums, and signed agreements and memorandums of understanding during the President's visit to Thailand, alongside political developments, national development initiatives, Myanmar-Thailand bilateral relations, and prospects for close cooperation in economics, trade, investment, and energy.

The meeting was attended by the Vice President alongside Deputy Minister for the Office of the President U Khin Latt, Deputy Minister for Foreign Affairs U Ko Ko Kyaw, and officials, while the Thai Ambassador was accompanied by officials from the Royal Thai Embassy.

**Myawady**

# 140 members of PDF terrorist groups who came to trust the peace processes of the State and Tatmadaw return to legal fold along with arms and ammunition, systematically handed over to their parents and guardians

NAY PYI TAW August 28

The Government has been inviting members of organizations engaged in armed opposition under various names, including the PDF, to return to the legal fold, providing necessary assistance, and systematically handing them over to their parents and guardians. Accordingly, members of so-called PDF groups who have placed their trust in the peace processes of the State and the Tatmadaw have returned to the legal fold alongside weapons and ammunition.



Officials inspect arms and ammunition surrendered by PDF members returning to the legal fold.

A ceremony to hand over those who returned to the legal fold to their parents and guardians was held this morning at the Zeyathiri Hall of the North-West Command. The ceremony was attended by Sagaing Region Chief Minister U Ko Lay, Commander Maj-Gen Kyaw Thura, relevant officials, departmental personnel, returnees, and their parents and guardians.

First, the Chief Minister delivered an opening address, followed by explanatory and informative remarks on regional peace and stability by the Commander. Next, returnees surrendered the weapons they brought along: one pistol, one MA-1 rifle, two MA-3 rifles, one MA-11 rifle, one KA rifle, one improvised firearm, seven magazines, and ten assorted hand grenades, which were formally accepted by the Commander.

Subsequently, the Chief Minister and the Commander provided monetary rewards and food supplies: Ks-30 million for the six automatic rifles, Ks-2 million for the one pistol, Ks-3 million for the ten assorted grenades, and Ks-4.75 million for the returning individuals, totalling Ks-39.75 million. After signing pledges of commitment, the returnees were systematically handed over to their parents and guardians.

At today's ceremony, a total of 95 returnees (89 males and 6 females) who genuinely desire regional peace and stability and trust the peace process were handed over: 57 males and 6 females from Sagaing; 14 males from Monywa; 7 males from Shwebo; 1 male from Ye-U; 3 males from Wuntho; 4 males from Katha; and 3 males from Kantbalu.

Similarly, a handover ceremony was held at Aung San Hall in Kalay, attended by local military station officials, departmental personnel, returnees, and their parents and guardians.

At that ceremony, a total of 45 returnees (42 males and 3 females)—comprising 1 male from Hakha; 25 males and 2 females from Kalay; 1 male from Mawlaik; 2 males and 1 female from Phaungbyin; and 13 males from Tamu—surrendered a total of 21 assorted arms (1 pistol, 2 MA-1 rifles, 2 MA-3 rifles, 1 MA-11 rifle, 1 M-22 rifle, 11 Type-81 rifles, 1 AK-47 rifle, 1 carbine, and 1 rifle), along with 30 magazines, 679 assorted rounds of ammunition, 6 hand grenades, and 3 walkie-talkies. Officials accepted the items and awarded Ks-100 million for the 20 automatic rifles, Ks-2 million for the pistol, Ks-1.8 million for the 6 hand grenades, Ks-600,000 for the 3 walkie-talkies, and Ks-2.25 million for the returnees, along with food supplies. The returnees then signed pledges and were systematically handed over to their parents and guardians.

Therefore, a total of 140 individuals (131 males and 9 females) from various so-called PDF terrorist insurgent groups across the Sagaing Region who came to trust the peace processes of the State and the Tatmadaw returned to the legal fold today, surrendering 27 assorted firearms, 16 hand grenades, ammunition, and related materiel.

The majority of these returning PDF members were forcibly recruited through threats and coercion against their families. They abandoned the path of armed conflict and returned to the legal fold due to being unable to tolerate terrorist acts, facing internal discrimination, bullying, abuse, murder, and sexual violence within the groups, suffering demoralization from inability to withstand Tatmadaw offensives, and desiring to live peacefully within the legal framework while contributing back to the State and the public for the harm caused.

While returning individuals are being welcomed, provided necessary support, and systematically handed over to their parents and guardians, it is learned that others still wish to return. Those wishing to enter the legal fold can contact nearby district or township administrative bodies, military camps, or police stations promptly; they will be warmly welcomed, given essential assistance, and granted appropriate monetary rewards for surrendered weapons and ammunition.

The voices and sentiments of the returnees were expressed as follows:

**Interview (1)**

How I first got there was that I was sent to a battalion. I was sent under a contract of one year and three months. But once I arrived there, the contract no longer existed. I had to stay as permanent cadre. From there, I was assigned to the 9706 Red Peacock Battalion under that one-year-and-three-month contract. But there too, the contract was completely disregarded. Once I reached the Red Peacock Battalion, I was sent off again to northern Shan State. The so-called contract they kept talking about simply did not exist. What was worse was that the leaders had absolutely no responsibility or accountability. I ran away from



the camp twice. I was caught once and beaten—beaten almost to death. Their discrimination was terrible; even when it came to meals, they cooked and ate separately for themselves. Ordinary comrades had to cook on their own. The worst meal we had was plain soup without even salt or seasoning powder; we had to eat with just a single bowl of plain soup. At the frontline, there were times when rations couldn't be delivered for two or three days. I went through that. A friend of mine was wounded, and I had to carry him all the way back to the rear through bullet holes and gunfire myself. They forced us to fight until the mission was over. The way they operated to keep us fighting to the end was unbearable; I hated it. I didn't want to fight anymore; my heart was no longer in it. Worst of all was the total lack of responsibility and accountability—it was truly awful. When comrades fell in battle, the leaders took zero responsibility. There were comrades whose parents weren't even notified; parents never even knew their own children had died. Things like that happened—they didn't even send word. I don't want those who are still left behind there to keep fighting a battle they know they cannot win. Knowing that fighting will not lead to victory, I want to tell my friends to enter the light as quickly as possible. Stop doing what is impossible. Staying there will only ruin your life and future; nothing will ever progress, and your youth will simply be lost. Come into the light on your own, reunite with your family, earn a living, and let those who need to attend school go back to their studies. At first, I thought about returning to the legal fold for over a week or two. While thinking it over, since I had friends who had already entered the legal fold, I called them and asked if things were okay for them. They said everything was peaceful and fine, and that returnees were systematically reunited with their parents after the ceremony. Initially, I thought I would definitely end up in detention, but it wasn't like that at all. We could stay freely. They even let us go outside; there was no confinement. They provided everything, from sets of clothes to living arrangements, food, and drink—ensuring everything was convenient. It is completely different from living in the jungle.

See Page - 20►►

●● From Page - 21
sympathy and giving foodstuffs and cash rewards to them.

Similarly, Daw Nilar, the wife of the Commander-in-Chief of Defence Services, and party visited the obstetrics and gyeacology ward and spoke words of encouragement to pregnant women and patients giving birth to children before presenting foodstuffs to them.

Moreover, the Commander-in-Chief of Defence Services and party inspected construction of housing complexes for war veterans in PyinOoLwin.

First, the Commander-in-Chief of Defence Services heard reports on expanded construction of housing complexes for war veterans in respective fiscal years, providing them to war veterans and their families and tasks being carried out submitted at the briefing hall of the site by the quartermaster general and the adjutant general.

After hearing the reports, the Commander-in-Chief of Defence Services gave instructions on timely completion of construction works, the needs to carry out supervision to meet standards, systematic construction of buildings to withstand natural disasters, systematic provision of completed housing complexes to war veterans and their families, preparations for basic foodstuffs, household equipment and furniture for apartments to enable war veterans and their families, who will move in, to lead convenient lives and other needs.

Then, the Commander-in-Chief of Defence Services and party inspected the provision of and preparations for basic foodstuffs, household equipment and furniture for current and future occupants of the complexes to enable them to lead comfortable lives and cordially greeted occupant war veterans and families before coordinating their needs and presenting foodstuffs to them. **100**

►► From Page - 19
**Interview(2)**

I ended up there because I was forcibly conscripted by the terrorist PDF. Living inside was not easy. They discriminated against us, forced us to collect extortion money, and destroyed schools. Furthermore, they dressed up in military uniforms to stage and



film deceptive videos. Because of that, we hated their methods; we also hated the NUG government. Initially, we thought we would be beaten and imprisoned when we arrived here. But that was not the case. When we arrived, everyone welcomed us warmly, treating us like brothers, sisters, sons, and grandsons. To all the brothers and sisters still over there: after hearing my words, please come into the light as quickly as possible. Never remain in the darkness; come out to the light immediately. Staying in their hands will only ruin your life further and further. They forced me to serve as a soldier, murdered my uncle, and threatened my family. I had to serve for five whole years. It was because of those bitter experiences that I chose to enter the light. Arriving here, I was received with a warm welcome, and I would like to express my sincere gratitude to everyone for welcoming us so warmly. **100**

# Two more foreign nationals involved in online fraud and gambling arrested along with their business equipment in Mongyai Town

NAY PYI TAW August 28

The government treats the fight against online fraud and gambling as a national duty, targeting illegal border-crossers whose criminal activities harm local communities and global socio-economic stability. In addition, authorities have been coordinating effectively with neighbouring governments to identify, arrest, and take legal action against offenders.

As part of these ongoing efforts, on August 26, during an operation to arrest individuals involved in illegal online scam activities between Man Maing and Man Ka villages in Mongyai Township, northern Shan State, two suspects managed to flee. However, they were apprehended this afternoon near Nali Village. The two individuals; a Chinese national and a Kazakhstani national were found in possession of 10 mobile phones of various types.It has been reported that the detained suspects will face rigorous legal action in accordance with existing laws once necessary investigations are completed. The seized equipment will also be processed following established procedures.

The State continues to actively collaborate with neighbouring countries, regional nations and international organizations to eliminate online scam and gambling operations and to ensure that such activities cannot take root within Myanmar. Efforts to combat these crimes are being pursued with vigor and determination. **100**



Chinese national involved in online scam and gambling operations arrested along with operational equipment.



Kazakhstani national involved in online scam and gambling operations arrested along with operational equipment.

# Cucumber marketable with high demand at domestic market

KANGYIDAUNT August 28

Daw Nyo Nyo, the green grocery trader in Kangyidaunt Township of Ayeyawady Region, said that cucumber, produced by Kyangyidaunt Township, is in high demand at the domestic market.

In Kangyidaunt Township, locally grown cucumbers have been traded in the market since the third week of June this year, and buying and selling activities have continued until today. Demand has increased, with daily purchases reaching 40,000 to 45,000 cucumbers, resulting in active trading. The price has reached up to Ks-13,000 per 100 cucumbers.

"The cucumbers produced from this area are in high demand from buyers in other townships. Currently, up to 45,000 cucumbers are being traded. The cucumbers that are selling well now are of good quality and fresh. Since they are locally produced goods, consumers can buy affordable, clean, and fresh food products. Other regions are actively purchasing the cucumbers supplied from this area. As demand for locally produced cucumbers has increased, farmers who grow them are gaining more opportunities," said Daw Nyo Nyo. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Commander-in-Chief of Defence Services General Ye Win Oo attends choice of arms for cadets of the 69th Intake of Defence Services Academy and the 29th Intake of Defence Services Technological Academy



General Ye Win Oo interviews a cadet.

NAY PYI TAW August 28

Commander-in-Chief of Defence Services General Ye Win Oo attended the choice of arms for cadets of the 69th Intake of Defence Services Academy and the 29th Intake of Defence Services Technological Academy held at the DSA and DSTA in PyinOoLwin this morning and afternoon.

Also present at the choice of arms together with the Commander-in-Chief of Defence Services were the Commander-in-Chief (Navy), the Commander-in-Chief (Air), senior military officers from the Office of the Commander-in-Chief, the Central Command commander, the commandants of DSA and DSTA, and officials.The Commander-in-Chief of Defence Services and senior military officers interviewed the cadets individually, and scrutinized and chose appropriate corps of the Tatmadaw (Army, Navy and Air) for the cadets depending on their outstanding performance in academic studies and military science as well as technological subjects, and training year by year. They also tested the cadets' passion and effort,obedience to discipline and their natural bent.

Commander-in-Chief of Defence Services General Ye Win Oo and senior military officers had lunch together with cadets at the cadet mess hall of the Anawrahta Battalion in DSA and cordially greeted the cadets. **100**



General Ye Win Oo enjoys lunch together with cadets.

# Commander-in-Chief of Defence Services General Ye Win Oo visits patients at local defence services hospital, inspects construction of housing complexes for war veterans in PyinOoLwin station

NAY PYI TAW August 28

Commander-in-Chief of Defence Services General Ye Win Oo, accompanied by senior military officers from the Office of the Commander-in-Chief and the commander of Central Command, visited a local defence services hospital in PyinOoLwin station in Mandalay Region this evening and spoke words of sympathy to officers, other ranks and members of the Myanmar Police Force and people's militias, who sustained injuries while carrying out State security and defence duties and were receiving treatments at the hospital.



General Ye Win Oo and his wife Daw Nilar meet with a resident of a housing complex for war veterans in PyinOoLwin.



General Ye Win Oo and his wife Daw Nilar meet with residents of a housing complex for war veterans in PyinOoLwin.



General Ye Win Oo speaks words of sympathy to a patient receiving treatments at a local defence services hospital in PyinOoLwin station.



Daw Nilar, wife of General Ye Win Oo, speaks words of encouragement to a child-birth woman at a local defence services hospital in PwinOoLwin station.

First, the Commander-in-Chief of Defence Services and party arrived at the hospital and were welcomed by the commandant and responsible officials.

Then, the Commander-in-Chief of Defence Services visited officers, other ranks and members of the MPF and people's militia, who were receiving treatments at the hospitals, and asked about incidents that led to hospitalization, treatments and recovery of them one by one before speaking words of

**See Page - 20●●**

# မိုင်းရယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ပြည်ပနိုင်ငံသား ၂ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိလူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၂၆ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၊ မန်မိုင်းကျေးရွာနှင့် မန်းကကျေးရွာကြား တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ကိုင်သူများအားသွားရောက်ဖမ်းဆီးစဉ် ထွက်ပြေးလွတ်မြောက်သွားသည့် တရုတ်နိုင်ငံသား အမျိုးသား ၁ ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား ၁ ဦးတို့အား ဖုန်းမျိုးစုံ ၁၀ လုံးနှင့်အတူ ယနေ့နေ့လယ်ပိုင်းတွင် နာလီကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။



မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁ ဦးနှင့် ကာဇက်စတန် နိုင်ငံသားအမျိုးသား ၁ ဦးတို့အား လုပ်ငန်းသုံး ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁ ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား ၁ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ။




အဆိုပါ ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)







နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)၌ တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်စဉ်။

● **ညောင်တုန်းမြို့နယ်မှ**

ကမ်းရင်းတာ(Bund Slope) တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏အရှေ့ဘက်ဆင်ခြေလျှောရေတိုက်စားမှုကာကွယ်ရန် Geo Textileခင်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈-၈-၂၀၂၆

| | | | | |
|---|---|---|---|---|
| ကန်ကြီးထောင့် | ၄ | ဒသမ | ၃၆ | လက်မ |
| သာပေါင်း | ၃ | ဒသမ | ၇၀ | လက်မ |
| သထုံ | ၃ | ဒသမ | ၄၃ | လက်မ |
| ရေး | ၃ | ဒသမ | ၄၃ | လက်မ |
| ခရမ်း | ၃ | ဒသမ | ၃၁ | လက်မ |
| ပန်းတနော် | ၃ | ဒသမ | ၂၄ | လက်မ |
| ကော့သောင်း | ၃ | ဒသမ | ၁၉ | လက်မ |
| မိုးကုတ် | ၃ | ဒသမ | ၁၅ | လက်မ |
| မော်လိုက် | ၃ | ဒသမ | ၀၈ | လက်မ |
| ရေဦး | ၃ | ဒသမ | ၀၄ | လက်မ |
| ဇလွန် | ၂ | ဒသမ | ၉၉ | လက်မ |

## (၂၈-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၈၄၀,၃၄၁.၄၂ | ၄၄,၁၃၅,၂၄၀.၉၇ | ၆,၁၂၄,၁၀၈.၉၉ | - |

# တပ်မတော်ဆေးရုံများနှင့်ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ စစ်သည် မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိတပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့်တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိဆေးတပ်ရင်းနှင့်ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၈-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၇၁၀ | ၃၈၆၅ | ၃၈၁၅ | ၃၇၂၅ | ၃၈၆၅ | ၃၈၀၀ | ၃၉၁၅ | ၃၇၉၅ | ၄၁၆၀ | ၄၁၉၀ | ၃၈၁၅ | ၃၉၃၀ | ၃၉၀၅ | ၃၈၆၅ | ၃၈၇၅ | ၄၁၀၅ |
| 95 Ron | ၃၈၁၅ | ၃၉၇၀ | ၃၉၂၀ | ၃၈၃၀ | ၃၉၇၅ | ၃၉၈၅ | ၄၀၂၀ | ၃၉၀၀ | ၄၂၇၀ | ၄၂၉၅ | ၃၉၂၀ | ၄၀၅၀ | ၄၀၀၀ | ၃၉၇၀ | ၃၉၈၀ | ၄၂၁၀ |
| HSD (500 ppm) | ၄၂၄၀ | ၄၃၈၅ | ၄၃၄၀ | ၄၂၁၅ | ၄၃၉၀ | ၄၄၀၅ | ၄၄၃၅ | ၄၃၂၀ | - | ၄၇၀၀ | ၄၃၄၀ | ၄၈၅၀ | ၄၄၂၅ | ၄၃၈၅ | ၄၃၉၅ | ၄၆၁၅ |
| HSD (50 ppm) | ၅၁၄၀ | ၅၂၉၅ | ၅၂၄၅ | ၅၁၁၅ | ၅၂၉၅ | ၅၃၁၀ | ၅၃၄၅ | ၅၂၂၅ | ၅၅၉၀ | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၉၅ | ၅၃၀၅ | ၅၅၃၅ |
| HSD (10 ppm) | ၅၁၄၀ | ၅၂၉၅ | ၅၂၄၅ | ၅၁၁၅ | ၅၂၉၅ | ၅၃၁၀ | ၅၃၄၅ | ၅၂၂၅ | | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၉၅ | ၅၃၀၅ | ၅၅၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၅၁၀ | ၃၆၁၄ |
| 95 Ron | ၃၆၁၃ | ၃၇၁၉ |
| HSD (500 ppm) | ၄၀၃၇ | ၄၁၄၇ |
| HSD (50 ppm) | ၄၈၉၅ | ၅၀၂၃ |
| HSD (10 ppm) | ၄၈၉၅ | ၅၀၂၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

**ယမန်နေ့မှအဆက်**

၄၈။ MMS ISO 6469-4:2015 လျှပ်စစ်သုံးယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသတ်မှတ်ချက်များ – အပိုင်း(၄) – မတော်တဆဖြစ်ပြီးစဉ် လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၄၉။ MMS ISO 7588–1:1998 လမ်းအသုံးပြုယာဉ်များ – လျှပ်စစ်/အီလက်ထရောနစ်ခလုတ်ထိန်းကိရိယာများ– အပိုင်း(၁)– ရီလေးများနှင့်ဖွင့်ပိတ်အချက်ပြမီးများ

၅၀။ MMS ISO 7588–2:1998 လမ်းအသုံးပြုယာဉ်များ – လျှပ်စစ်/အီလက်ထရောနစ်ခလုတ်ထိန်းကိရိယာများ– အပိုင်း(၂)–အီလက်ထရောနစ်ကိရိယာများ

၅၁။ MMS ISO 7588–3:1998 လမ်းအသုံးပြုယာဉ်များ — လျှပ်စစ်/အီလက်ထရောနစ်ခလုတ်ထိန်းကိရိယာများ– အပိုင်း (၃) – မိုက်ခရိုရီလေးများ

၅၂။ MMS ISO/TR 8713:2019 လျှပ်စစ်သုံးယာဉ်များ – ဝေါဟာရများ

၅၃။ MMS ISO 8714:2023 လျှပ်စစ်သုံးယာဉ်များ – ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး – ခရီးသည်တင်ယာဉ်များနှင့် ပေါ့ပါးသည့်လုပ်ငန်းသုံးယာဉ်များအတွက် စမ်းသပ်မှုဆိုင်ရာနည်းစဉ်များ

၅၄။ MMS ISO 8715:2001 လျှပ်စစ်သုံးယာဉ်များ – လမ်းပေါ်တွင် အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၅၅။ MMS ISO/TR 11954:2024 လောင်စာဆဲလ်အသုံးပြုယာဉ်များ – စွမ်းဆောင်ရည်တိုင်းတာခြင်း–ဖိသိပ်ထားသောဟိုက်ဒရိုဂျင်(compressed hydrogen)ဖြင့် စွမ်းအင်ဖြည့်သွင်းသောယာဉ်များ

၅၆။ MMS ISO 12405–4:2018 လျှပ်စစ်သုံးယာဉ်များ – လီသီယမ်–အိုင်းယွန်းဆွဲငင်အားသုံးဘက်ထရီအိတ်များနှင့် စနစ်များအတွက် စမ်းသပ်မှုသတ်မှတ်ချက် –အပိုင်း(၄)– စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၅၇။ MMS ISO/TR 13062:2015 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဝေါဟာရများနှင့် အမျိုးအစားခွဲခြားခြင်း

၅၈။ MMS ISO 13063–1:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသတ်မှတ်ချက်များ – အပိုင်း(၁) – On–board အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၅၉။ MMS ISO 13063–2:2022 လျှပ်စစ်သုံး mopeds နှင့်မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသတ်မှတ်ချက်များ– အပိုင်း(၂)–ယာဉ်အသုံးပြုစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၆၀။ MMS ISO 13063–3:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသတ်မှတ်ချက်များ – အပိုင်း (၃) – လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၆၁။ MMS ISO 13064–1:2012 ဘက်ထရီ–လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ – စွမ်းဆောင်ရည် – အပိုင်း(၁) – ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သောအကွာအဝေး

၆၂။ MMS ISO 13064–2:2012 ဘက်ထရီ–လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ – စွမ်းဆောင်ရည် – အပိုင်း (၂) – လမ်းအသုံးပြုမှုဆိုင်ရာအသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၆၃။ MMS ISO 15118–1:2019 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၁) – အထွေထွေအချက်အလက်နှင့် အသုံးပြုမှုဆိုင်ရာအခြေအနေသတ်မှတ်ချက်

၆၄။ MMS ISO 15118–2:2014 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၂) – ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် လိုအပ်ချက်များ

၆၅။ MMS ISO 15118–3:2015 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၃) – ရုပ်ပိုင်းဆိုင်ရာနှင့် Data link layer ဆိုင်ရာလိုအပ်ချက်များ

၆၆။ MMS ISO 15118–4:2018 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၄) – ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် ကိုက်ညီမှုစစ်ဆေးခြင်း(conformance test)

၆၇။ MMS ISO 15118–5:2018 လမ်းသုံးယာဉ်များ – ယာဉ်မှ လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း (၅) – ရုပ်ပိုင်းဆိုင်ရာအလွှာနှင့် data link layer ကိုက်ညီမှုစစ်ဆေးခြင်း

၆၈။ MMS ISO 15118–20:2022 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း –အပိုင်း (၂၀) – ဒုတိယမျိုးဆက်ကွန်ရက်အလွှာနှင့် ချိတ်ဆက်အသုံးပြုခြင်းအလွှာလိုအပ်ချက်များ

၆၉။ MMS ISO 17840–1:2022 လမ်းအသုံးပြုယာဉ်များ – ပထမနှင့် ဒုတိယတုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့များအတွက် အချက်အလက်များ – အပိုင်း (၁) – လူစီးကားများနှင့်ကုန်သန်းရောင်းဝယ်ရေးသုံးယာဉ်ငယ်များအတွက် ယာဉ်ကယ်ဆယ်ရေးစာရွက်

၇၀။ MMS ISO 18300:2016 လျှပ်စစ်သုံးယာဉ်များ – လီသီယမ် – အိုင်းယွန်းဘက်ထရီစနစ်များကို ခဲ–အက်စစ်ဘက်ထရီ (သို့မဟုတ်) capacitor တို့နှင့်ပေါင်းစပ်အသုံးပြုခြင်းအတွက် စမ်းသပ်ခြင်းဆိုင်ရာသတ်မှတ်ချက်များ

၇၁။ MMS ISO 20762:2018 လျှပ်စစ်သုံးယာဉ်များ–ပေါင်းစပ်လျှပ်စစ်သုံးယာဉ်မောင်းနှင်မှုအတွက် စွမ်းအားသတ်မှတ်ခြင်း

၇၂။ MMS ISO 21782–1:2023 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာအစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် –အပိုင်း(၁)– အထွေထွေစမ်းသပ်မှုအခြေအနေများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၇၃။ MMS ISO 21782–2:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် – အပိုင်း (၂) – မော်တာစနစ်စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၄။ MMS ISO 21782–3:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာအစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် – အပိုင်း(၃) – မော်တာနှင့် inverter စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၅။ MMS ISO 21782–6:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာအစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် – အပိုင်း(၆) – မော်တာနှင့် inverter တို့၏ လည်ပတ်မှုအား(operating load) စမ်းသပ်ခြင်း

၇၆။ MMS ISO 23273:2013 လောင်စာဆဲလ်အသုံးပြုယာဉ်များ– ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသတ်မှတ်ချက်များ– ဖိသိပ်ထားသည့်ဟိုက်ဒရိုဂျင်အားဖြင့် လောင်စာသုံးသောယာဉ်များအတွက် ဟိုက်ဒရိုဂျင်ဆိုင်ရာအန္တရာယ်များမှကာကွယ်ခြင်း

၇၇။ MMS ISO 23274–1:2019 ပေါင်းစပ်–လျှပ်စစ်သုံးယာဉ်များ (Hybrid–electric) – အခိုးအငွေ့ထုတ်လွှတ်မှုများနှင့်လောင်စာဆီသုံးစွဲမှုတိုင်းတာခြင်း–အပိုင်း(၁)–ပြင်ပမှအားသွင်း၍မရသောယာဉ်များ

၇၈။ MMS ISO 23274–2:2021 ပေါင်းစပ်–လျှပ်စစ်သုံးယာဉ်များ – အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှုတိုင်းတာခြင်း –အပိုင်း(၂)–ပြင်ပမှ အားသွင်းနိုင်သောယာဉ်များ

၇၉။ MMS ISO 23280:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – မော်တာဒိုင်နမိုမီတာအသုံးပြု၍ စွမ်းအင်ဆိုင်ရာစွမ်းဆောင်ရည်အကဲဖြတ်ရန် စမ်းသပ်မှုနည်းလမ်း

၈၀။ MMS ISO 23828:2022 လောင်စာဆဲလ်အသုံးပြုယာဉ်များ – စွမ်းအင်သုံးစွဲမှုတိုင်းတာခြင်း – ဖိသိပ်ထားသောဟိုက်ဒရိုဂျင် (compressed hydrogen) လောင်စာသုံးယာဉ်များ

၈၁။ MMS ISO 22002–2:2025 အစားအသောက်ဘေးကင်းရေးဆိုင်ရာကြိုတင်လိုအပ်ချက်အစီအစဉ်များ– အပိုင်း(၂)– ပြင်ဆင်တည်ခင်းကျွေးခြင်း

၈၂။ MMS UNECE R 11: 2015 ယာဉ်၏ တံခါးဖွင့်ပိတ်စနစ်၊ တံခါးကိုမြဲမြံစွာတပ်ဆင်ရာတွင်အသုံးပြုသည့် ပစ္စည်းအစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၃။ MMS UNECE R 12: 2024 ယာဉ်ရှေ့မှတိုက်မိချိန်တွင် ယာဉ်မောင်းသူကို steering mechanism မှဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုမှ ကာကွယ်ပေးရန်နှင့်စပ်လျဉ်းသည့်ယာဉ်အသိအမှတ်ပြုခြင်းနှင့်သက်ဆိုင်သော တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၄။ MMS UNECE R 23: 2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် နောက်ဆုတ်မီး(Reversing Lamps) နှင့်မောင်းနှင်စစ်ဆေးရေးမီးများ (Manoeuvring Lamps) နှင့် စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၅။ MMS UNECE R 37: 2015 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင်အသုံးပြုရန် အတည်ပြုထားသော မီးခွက်များ၌ ထည့်သွင်းအသုံးပြုမည့် ဖိုင်လာမင်မီးသီး(Filament Lamps)များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၆။ MMS UNECE R 40:1979 အင်ဂျင်စနစ်အသုံးပြုသော မော်တော်ဆိုင်ကယ်များမှ အိတ်ဇောဓာတ်ငွေ့ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၇။ MMS UNECE R 53:2018 Category L3 (မော်တော်ဆိုင်ကယ်)များတွင် မီးအလင်းရောင်ပေးစနစ်နှင့် မီးအချက်ပြစနစ်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၈။ MMS UNECE R 55:2025 တွဲဆိုင်းယာဉ်များ၏ယာဉ်အချင်းချင်းချိတ်ဆက်ရာတွင်အသုံးပြုသော စက်မှုပိုင်းဆိုင်ရာကိရိယာများနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၉။ MMS UNECE R 58:2017 နောက်ဘက်မှ ဝင်တိုက်မိပါက ယာဉ်အောက်သို့ရောက်မသွားစေရန် ကာကွယ်ပေးသည့် ပစ္စည်းများ(RUPDs)၊ အတည်ပြုချက်ရရှိထားသည့် RUPDs ကို တပ်ဆင်ထားသည့် မော်တော်ယာဉ်များ၊ နောက်ဘက်မှ ဝင်တိုက်မိပါက ယာဉ်အောက်သို့ရောက်မသွားစေရန် ကာကွယ်မှုစနစ်ပါရှိသည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၀။ MMS UNECE R 60:2013 ထိန်းချုပ်ခလုတ်များ၊ သတိပေးအချက်ပြမီးများနှင့် ညွှန်ပြကိရိယာများကို ခွဲခြားမှတ်သားခြင်းအပါအဝင် မောင်းနှင်သူကိုယ်တိုင် ထိန်းချုပ်လုပ်ဆောင်ရသောစနစ်များနှင့်စပ်လျဉ်း၍ ဘီးနှစ်ဘီးတပ်မော်တော်ဆိုင်ကယ်များနှင့် မိုပက်(Moped)များအား အမျိုးအစားအတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၁။ MMS UNECE R 66:2009 ခရီးသည်တင်မော်တော်ယာဉ်ကြီးများ၏အပေါ်ပိုင်းကိုယ်ထည်တည်ဆောက်ပုံကြံ့ခိုင်မှု(Strength of Superstructure)နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစားအတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၂။ MMS UNECE R 73:2011 ဘေးဘက်အကာအကွယ်ပစ္စည်းများ(LPD) တပ်ဆင်ထားသော မော်တော်ယာဉ်များ၊ ဘေးဘက်အကာအကွယ်ပစ္စည်းများ(LPD)သီးသန့်နှင့်အတည်ပြုချက်ရရှိထားသော ဘေးဘက်အကာအကွယ်ပစ္စည်း(LPD)အမျိုးအစားကို မော်တော်ယာဉ်များတွင် စနစ်တကျတပ်ဆင်ထားမှုနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၃။ MMS UNECE R 78:2022 ဘရိတ်စနစ်နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား Category L1, L2, L3, L4 နှင့် L5 ရှိ မော်တော်ယာဉ်များကို အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၄။ MMS UNECE R 80:2012 ခရီးသည်တင်မော်တော်ယာဉ်ကြီးများ၏ထိုင်ခုံကြံ့ခိုင်မှု ခံနိုင်ရည်နှင့် ထိုင်ခုံချိတ်ဆက်ခိုင်မြဲမှုစနစ်တို့နှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၅။ MMS UNECE R 81:1989 နှစ်ဘီးတပ်မော်တော်ဆိုင်ကယ်များ (ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) တွင် နောက်ကြည့်မှန်များတပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ နောက်ကြည့်မှန်များနှင့် အဆိုပါမော်တော်ဆိုင်ကယ်များကို အတည်ပြုချက်ထုတ်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း **ဆက်လက်ဖော်ပြပါမည်။**

# ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၆ မြို့နယ်ရှိ ရပ်ကွက် (၂၀) ခုနှင့်ကျေးရွာအချို့ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် သဲအိတ်များချ၍ တားဆီးခြင်း လုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ်လ ၁၄ ရက်တွင် ငဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၄ ပေ ၁၁ လက်မခန့်သာကျန်ရှိတော့သဖြင့် ၂ ပေ ၁၀ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိအမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၆ လက်မခန့်သာကျန်ရှိတော့သဖြင့် ၁ ပေ ၈ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ်လ ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၁ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကားလမ်းမကြီးပေါ်၌တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းပေးစဉ်။

ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာ-ဟင်္သာတသွား ကားလမ်းမကြီးနှင့် အချို့နေရာများအား အများပြည်သူများနှင့် မော်တော်ယာဉ်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက်နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့်လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ဂျပန်နိုင်ငံတွင်ကျင်းပမည့် နိုင်ငံတကာလူငယ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၇ အသင်းဖိတ်ကြားခံရ

ရန်ကုန် ဩဂုတ် ၂၈

ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)ကကြီးမှူး၍ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ၂၂ ရက်အထိ ဂျပန်နိုင်ငံ နီဂါတာမြို့၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် “2026 International Youth Football in Niigata” ပြိုင်ပွဲသို့ မြန်မာလူငယ်အသင်းပါဝင်ယှဉ်ပြိုင်ရန် JFA မှဖိတ်ကြားခဲ့ရာ မြန်မာ ယူ-၁၇ အမျိုးသားလက်ရွေးစင်ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် ဂျပန်နိုင်ငံ နီဂါတာမြို့တွင် နှစ်ပေါင်း ၂၀ ကျော်တိုင် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလာခဲ့သည့် နိုင်ငံတကာ ယူ-၁၇ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖြစ်သည်။ ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)နှင့် နီဂါတာဒေသဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး 2026 FIFA U-17 World Cup အပါအဝင် နိုင်ငံတကာပြိုင်ပွဲကြီးများမတိုင်မီ လူငယ်ကစားသမားများ၏ အရည်အသွေးကို စမ်းသပ်ရန်နှင့်အတွေ့အကြုံရရှိရန် ရည်ရွယ်ကျင်းပခြင်းလည်း ဖြစ်သည်။

ယခုနှစ် ပြိုင်ပွဲတွင် အိမ်ရှင်ဂျပန် ယူ-၁၇ အသင်း၊ နီဂါတာလက်ရွေးစင်အသင်း (Niigata Selection Team)နှင့် ဖိတ်ခေါ် အမျိုးသား ယူ-၁၇ လက်ရွေးစင်အသင်းများဖြစ်ကြသည့် မြန်မာ ယူ-၁၇ အသင်းနှင့် နယူးဇီလန် ယူ-၁၇ အသင်းတို့သည်ပတ်လည်စနစ်ဖြင့် တစ်သင်းလျှင် သုံးပွဲစီယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် အသင်းက ချန်ပီယံဆုကို ဆွတ်ခူးရရှိမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ရင်ဆိုင်ရမည့် ဂျပန်နှင့် နယူးဇီလန်အသင်းတို့မှာ လာမည့် နိုဝင်ဘာလတွင် ကာတာနိုင်ငံ၌ ကျင်းပမည့် 2026 FIFA U-17 World Cup ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အင်အားကြီးအသင်းများဖြစ်ကြသည်။ ဂျပန် ယူ-၁၇ အသင်းသည် AFC U-17 Asian Cup 2026 ပြိုင်ပွဲတွင်ဗိုလ်စွဲထားသည့် အာရှထိပ်သီးအသင်းဖြစ်ပြီး နယူးဇီလန် ယူ-၁၇ အသင်းသည်လည်း 2025 OFC U-16 Men's Championship တွင်ဗိုလ်စွဲကာ သမုဒ္ဒရာပိုင်းဇုန် ချန်ပီယံဆုကို ၁၁ ကြိမ်မြောက် ဆွတ်ခူးထားသည့်အသင်းဖြစ်သည်။

မြန်မာ ယူ-၁၇ အသင်းအနေဖြင့် ရလဒ်ထက် ယူ-၁၇ ကမ္ဘာ့ဖလားဝင်ထိပ်သီးအသင်းများနှင့်ယှဉ်ပြိုင်ရမည့် အခွင့်အရေးကောင်းတစ်ခုရရှိခြင်းဖြစ်သည်။ ထူးခြားချက်မှာ အိမ်ရှင်ဂျပန် ယူ-၁၇ အသင်းအနေဖြင့် ပိုမိုမြင့်မားသည့် စိန်ခေါ်မှုရရှိစေရန်အတွက် မြန်မာ ယူ-၁၇ အသင်းတွင် ယူ-၁၉ ကစားသမားငါးဦး ပေါင်းစပ်ပါဝင်ကစားရန် ပြိုင်ပွဲကျင်းပရေးကော်မတီက အဆိုပြုဖိတ်ခေါ်ထားသည်။ မြန်မာ ယူ-၁၉၊ ယူ-၁၇ လူငယ်များအနေဖြင့် အနာဂတ်မြန်မာ့လက်ရွေးစင်အသင်းအတွက်ရည်ရွယ်၍ အထူးကြိုးစားယှဉ်ပြိုင်ပြီး အတွေ့အကြုံကောင်းများရရှိစေမည့်အခွင့်အလမ်းဖြစ်သည်။

မြန်မာ ယူ-၁၇ အသင်းသည် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် U-17 New Generation Cup 2025 ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သလို AFC U-17 Asian Cup 2026 Qualifiers (အုပ်စု - G)တွင်အုပ်စုပထမဖြင့် အာရှဖလားနောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ဆော်ဒီအာရေးဗီးယား၌ ကျင်းပသည့် AFC U-17 Asian Cup 2026 နောက်ဆုံးအဆင့်ပြိုင်ပွဲတွင်မူ အုပ်စု(A)၌ အဆင့်(၃)ရရှိခဲ့ပြီး အုပ်စုအဆင့်မှထွက်ခွာခဲ့ရသည်။

မြန်မာ ယူ-၁၇ အသင်း၏ အုပ်ချုပ်/နည်းပြအဖွဲ့တွင် နည်းပြချုပ်အဖြစ် ဂျပန်လူမျိုးနည်းပြ Ryuji Sueoka က ဦးဆောင်ကိုင်တွယ်မည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးရန်ပိုင်၊ လက်ထောက်နည်းပြအဖြစ် ဦးအောင်မိုး၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်း၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာစိုးမြင့်အောင်၊ နည်းစနစ်သုံးသပ်သူအဖြစ် ဦးသက်ပိုင်ဦးနှင့် နည်းစနစ်ဒါရိုက်တာ Mita Michiteru တို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၇၊ ယူ-၁၉ အသင်းများအား MFF မှ ကာလရှည်စခန်းသွင်းလေ့ကျင့်ထားပြီး ယူ-၁၇ မှာ Falcon FC အမည်ဖြင့် MNL U-20 လိဂ်၊ ယူ-၁၉ မှာ Junior Lions အမည်ဖြင့် MNL-2 စသည့်လိဂ်ပွဲစဉ်များ ယှဉ်ပြိုင်နေသည့် အသင်းများဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် စက်တင်ဘာလ ၁၅ ရက်တွင် ဂျပန်နိုင်ငံ နီဂါတာမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ပထမပွဲစဉ်ကို စက်တင်ဘာလ ၁၇ ရက်၊ ဒုတိယပွဲစဉ်ကို စက်တင်ဘာလ ၁၉ ရက်၊ တတိယပွဲစဉ်ကို စက်တင်ဘာလ ၂၁ ရက်တို့တွင် အသီးသီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဝန်းရံခဲ

# ၂၀၂၆ ခုနှစ် မိုးနှောင်းကာလနှင့်စက်တင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၈

**၂၀၂၆ ခုနှစ် မိုးနှောင်းကာလ သတ်မှတ်ခြင်း**

၂၀၂၆ ခုနှစ် မိုးနှောင်းကာလသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်နေ့)မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်သည်။

**မုတ်သုံလေဆုတ်ခွာသည့် အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်-

(က) စက်တင်ဘာလ ၁၄ ရက်နေ့မှ ၁၉ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၊

(ခ) စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၊

(ဂ) စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့ အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဃ) အောက်တိုဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး သုံးကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှ ၁၉ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့ အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

(မိုး/ဇလ)

## ပျော်ဘွယ်မြို့နယ်၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲကျင်းပ



ပျော်ဘွယ် ဩဂုတ် ၂၈

ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ဆောင်ရွက်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ညွန့်က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်နှင့် မတော်တဆဖြစ်စဉ်များ ဖြစ်ပွားချိန်တွင် လူ့အသက်အန္တရာယ်ကို အမြန်ဆုံးကယ်ဆယ်နိုင်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းနှင့် သင်တန်းကာလအတွင်း သင်ကြားပို့ချပေးခဲ့သည့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အသိပညာ၊ နည်းစနစ်များနှင့် လက်တွေ့ကျွမ်းကျင်မှုများကို လုပ်ငန်းခွင်တွင် ထိရောက်စွာအသုံးချဆောင်ရွက်ကြရန် လိုအပ်ကြောင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ထွေးနှင့်တာဝန်ရှိသူများက သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးသင်ခန်းစာများအား လက်တွေ့သရုပ်ပြသနေမှုတို့ကို ကြည့်ရှုအားပေးကြကြောင်းသိရသည်။

ကျော်စွာထက်(ပျော်ဘွယ်)

## ၂၈-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၇,၁၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



➥ **ကျောဖုံးမှအဆက်**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၃ ရက် နံနက် ၇ နာရီတွင် သတင်းအရ ကလေးမြို့နယ်၊ ချင်းတွင်းတံတားအနီးတွင် ဇမ်းလျန်းပုမ်းမောင်းနှင်ပြီး ဒိုးရှန်းမန်(ခ) မာန်ဖွေ့လိုက်ပါလာသော KIA BOGON မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၉ ဒသမ ၂ သိန်း ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို လက်ခံသူများဖြစ်သည့် ကလေးမြို့၊ တောင်ဖီလာရပ်ကွက်နေ ပေါင်ရှင်းတွောင်(ခ)တွမ်ပီးနှင့် ၎င်း၏ဇနီး မဇင်လမ်မာန်တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပေါင်ရှင်းတွောင်(ခ)တွမ်ပီးအားမတွေ့ရှိရဘဲ မဇင်လမ်မာန်ကိုဖမ်းဆီးရမိပြီး ၎င်း၏ဖော်ထုတ်ချက်အရ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ ဟောက်ခန့်ခွာလ်အား စိတ်ကြွဆေးပြား ၂ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ ဒသမ ၈ သိန်းအား ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ကလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ နမ့်စန်မြို့နေ ကောင်းစံ(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး နမ့်စန်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်သို့ ပို့ဆောင်ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ပေါင်ရှင်းတွောင်(ခ) တွမ်ပီး(ဖမ်းဆီးရန်ကျန်)နှင့် ၎င်း၏ဇနီး မဇင်လမ်မာန်တို့မှ တန့်ဆည်မှ ကလေးသို့ ဆက်လက်သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မြဝတီ**

# စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၆)အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပပြီး ဒေသဆိုင်ရာကော်မတီများက တင်ပြသည့် အမှာစာများ၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုဆွေးနွေးဆုံးဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအင်အားတစ်ရပ်အဖြစ် လိုအပ်လျက်ရှိသည့်အတွက် ပြည်တွင်း၌ တည်ထောင်ပြီး စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်လာရေးနှင့် နောင်တွင် ပေါ်ပေါက်လာမည့် စက်မှုဇုန်အသစ်များကိုလည်း စက်မှုဇုန်ဥပဒေနှင့်အညီ စနစ်တကျတည်ထောင်နိုင်ရေးဆွေးနွေးရန်နှင့် ဗဟိုကော်မတီအနေဖြင့် ပြည်တွင်း၌ တည်ထောင်ပြီးဖြစ်သည့် စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့ကျကျအကောင်အထည်ဖော်ကြရမည်ဖြစ်ပြီး အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်တည်ငြိမ်စေရေး ဆောင်ရွက်ခြင်း၊ စက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေး ဖန်တီးပေးခြင်းတို့ကို အဖွဲ့ဝင်ဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်းစက်မှုဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။


ဆက်လက်၍ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက (၁/၂၀၂၅) ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဒေသဆိုင်ရာကော်မတီများက တင်ပြသည့် အမှာစာများကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၏လမ်းညွှန်မှုနှင့်အညီ လိုက်ပါဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်တွင်းစက်မှုလုပ်ငန်းများမှ ပြည်ပသို့ပို့ကုန်တင်ပို့နိုင်မှုအခြေအနေနှင့် သွင်းကုန်အစားထိုးဆောင်ရွက်နိုင်ခဲ့မှု၊ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များတည်ထောင်ရာတွင် လိုအပ်သည့် စက်ယန္တရားများ၊ စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများရရှိရေး ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ရှိစက်မှုဇုန်များကို လစဉ်စစ်ဆေးလျက်ရှိမှုနှင့်လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှုတို့ကို ဆွေးနွေးပြောကြားသည်။

အလားတူ ဒုတိယဝန်ကြီးများက စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ




## MWD Education, Knowledge & Sports Channel

၂၉-၈-၂၀၂၆(စနေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈၀၀ မှ ၁၀၀၀ ထိ | Grade – 11 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂၀၀ မှ ၁၄၁၀ ထိ | Grade – 11 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆၀၀ မှ ၁၇၂၀ ထိ | Grade – 11 | ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၇၂၀ မှ ၁၈၃၀ ထိ | Grade – 11 | သမိုင်း၊ ဘောဂဗေဒ |

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

ပဲခူး ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူတို့က ကရင်ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်းဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းဖတ်ကြားကာ ကရင်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ကရင်တိုင်းရင်းသားဘိုးဘွားများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများကို ချည်ဖြူဖွဲ့ပေးကြပြီး ချည်ဖြူဖွဲ့ပေးသည့် ကရင်ဘိုးဘွား ၂၂ ဦးနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ

များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဩဂုတ်လ ၂၉ ရက်**(ယနေ့)** နံနက်၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်ရန်အတွက် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

ထားဝယ် ဩဂုတ် ၂၈

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်ရန်အတွက် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ တနင်္သာရီတိုင်းဒေသကြီးတိုင်းရင်းသားလုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံစဉ် မှာကြားသည်။




အဆိုပါတွေ့ဆုံပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောမာတင်လူသာက တနင်္သာရီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့် လွှတ်တော်လမ်းကြောင်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် မွန်၊ ကရင်၊ ထားဝယ်နှင့် မော်ကယ်(ဆလုံ) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက တိုင်းရင်းသားဘာသာစာပေသင် ဆရာ၊ ဆရာမများ၏ ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေး၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့တို့၏ အခက်အခဲများကိုဖြေရှင်းပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည်များယွင်းဖော်ပြထားမှုများကိုပြင်ဆင်ခွင့်ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ခရိုင်ရုံးခွဲများဖွင့်လှစ်ပေးနိုင်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်အတွက် အားပေးကူညီဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအတွက်ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို မိုး၊ ဆောင်း၊ နွေသီးထပ်၊ သီးညှပ် စုစုပေါင်းဧက ၅၄၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိ



နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို မိုး၊ ဆောင်း၊ နွေ သီးထပ်၊ သီးညှပ်ဧက စုစုပေါင်း ဧက ၅၄၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အဆိုပါသီးနှံများအနက် ဆီထွက်သီးနှံဧက ၁၅၀၀၀၀ ကျော်၊ ပဲမျိုးစုံသီးနှံ ဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

တောင်သူများအနေနှင့် မိမိတို့၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက်မျိုးကောင်းမျိုးသန့်များကို ရွေးချယ်အသုံးပြုရန်၊ စိုက်ပျိုးနည်းပညာအသစ်များကို လေ့လာလက်ခံရန်နှင့် မိမိတို့ဒေသ၏ ရာသီဥတု၊ မြေဆီလွှာအခြေအနေနှင့် ကိုက်ညီသည့်စိုက်ပျိုးရေးနည်းပညာများကို လိုက်နာအသုံးချရန် လိုအပ်ပါကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မျိုးစေ့သုတေသနနှင့်နည်းပညာပြန့်ပွားရေးစိုက်ကွင်း၌ကျင်းပသည့် အလားအလာကောင်းမွန်သော ဆီထွက်ပဲပုပ်(ရေဆင်း-၁၅)ကွင်းသရုပ်ပြပွဲတွင် တောင်သူများအား တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပဲပုပ်သီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ပဲပုပ်မျိုးများ၏ အရည်အချင်းလက္ခဏာများ၊ ပဲပုပ်စိုက်ပျိုးထုတ်လုပ်သည့်နည်းစနစ်များအား ရှင်းလင်းတင်ပြခြင်း၊ ပဲပုပ်ဈေးကွက်အလားအလာနှင့် မျိုးစေ့ဈေးကွက်အခြေအနေများ၊ ပဲပုပ်မျိုးစေ့ထုတ်လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအပိုင်း မြေထိန်းနံရံများပေါ်ရှိ ရေညှိများအား Water Pressure Pump ဖြင့် ဆေးကြောခြင်းဆောင်ရွက်နေမှု၊ ဥတ္တရသီရိမြို့၏ရေပေးဝေရေးပိုက်လိုင်းများကို လျှပ်ဒဏ်ခံနိုင်သော HDPE ပိုက်များဖြင့် အစားထိုးသွယ်တန်း ဆောင်ရွက်နေမှု၊ ပုဗ္ဗသီရိမြို့မဈေးသို့ ဖြန့်ဝေပေးလျက်ရှိသော ဂါလန် ၆၀၀၀၀ ရေစုကန်အတွင်းရှိ သောက်သုံးရေအရည်အသွေးနှင့် ကလိုရင်းလက်ကျန် စစ်ဆေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# နည်းပညာကျွမ်းကျင်လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် စက်မှုလုပ်ငန်းနှင့် ချိတ်ဆက်နိုင်ရေး Project Show နှင့် Talk Show ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

Talk Show အစီအစဉ်သည် ပညာရေးနှင့် လုပ်ငန်းခွင်အကြား ချိတ်ဆက်မှုကို နားလည်စေပြီး အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်ငန်းခွင်လိုအပ်ချက်များနှင့် လက်တွေ့အတွေ့အကြုံများကို တိုက်ရိုက်မျှဝေပေးနိုင်မည်ဖြစ်သလို သင်ယူထားသောပညာရပ်များကို လက်တွေ့အသုံးချပြီး Project များမှတစ်ဆင့် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ စွမ်းအင်၊သတင်းအချက်အလက်နည်းပညာနှင့် လူမှုဘဝအတွက် အကျိုးရှိမည့်ဖြေရှင်းချက်များ ဖန်တီးပေးနိုင်မည်ဖြစ်ရာ ယနေ့တွင်အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)တွင် Project Show နှင့် Talk Show များ ကျင်းပဆောင်ရွက်ခဲ့သည်။



ပြပွဲတွင် ဘာသာရပ်နယ်ပယ်အလိုက် Project စုစုပေါင်း ၁၉ ခု ခင်းကျင်းပြသထားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း၊ ပညာရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကုမ္ပဏီများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးက နည်းပညာ၊ ဆန်းသစ်တီထွင်မှု (Innovation) နှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) တို့သည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် Artificial Intelligence (AI)၊ Digital Technology၊ Automation၊ Smart Systems နှင့် Green Technology စသည့် နည်းပညာများသည် လုပ်ငန်းခွင်နှင့်လူမှုဘဝတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာသည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ယူထားသော ပညာရပ်များကို လက်တွေ့အသုံးချနိုင်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များကလည်း အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ခေတ်သစ်လုပ်ငန်းခွင်အတွက် အင်ဂျင်နီယာနည်းပညာရှင်တစ်ဦး၏ မကုန်ဆုံးနိုင်သော လေ့လာမှုခေါင်းစဉ်ဖြင့် Panel Discussion ဆွေးနွေးခြင်း၊ China Harbour Engineering Company Limited (CHEC) ကုမ္ပဏီအကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မိတ်ဆက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ အင်ဂျင်နီယာဘာသာရပ်အလိုက်လက်တွေ့ခန်းများနှင့် အလုပ်ရုံများတွင် လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းအား ဓားဖြင့်ထိုး၍လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၃ ဦးနှင့် ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၂ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းအား ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၃ ဦးနှင့်ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၂ ဦးတို့ကိုသက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရပ်ကွက်နေ ဦးစိန်မြင့်ဦး (၅၁) နှစ်သည် ဩဂုတ်လ ၂၆ ရက် ည ၇ နာရီခွဲတွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရိုးကြီး/ရိုးလေး ကျေးရွာ၊ အနော်ရထာလမ်းမကြီးရှိ Gas ဆိုင်အနီး၌ ၎င်းမောင်းနှင်သည့် Taxi ယာဉ်အား အမျိုးသား ၃ ဦးမှ ဘုရင့်နောင်ကားကြီးဝင်းသို့ ငှားရမ်းခဲ့သဖြင့် လိုက်ပါပို့ဆောင်ခဲ့ရာ ဘုရင့်နောင်ပွဲရုံဝင်း၊ "ဗန္ဓုလ" လက်ဖက်ခြောက် ရောင်းဝယ်ရေးပွဲရုံရှေ့ အရောက်တွင် အဆိုပါအမျိုးသား ၃ ဦးမှ ဓားမြှောင်ဖြင့်ထိုးကာ ငွေကျပ် ၁ သိန်းနှင့် Vivo အမျိုးအစားဖုန်း ၁ လုံးတို့ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး ဘုရင့်နောင်နယ်မြေရဲစခန်း၌ (ပ)၁၈၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့်အမှုရေးဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၂၇ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ်လ ၂၇ ရက် ညပိုင်းတွင် မှော်ဘီမြို့နယ်၊ အစုလေးကျေးရွာနေ ဦးအောင်မျိုးနိုင် (၃၈)နှစ်သည် ၎င်း၏ နေအိမ်မှ ထန်းတပင်မြို့နယ်၊ ပန်တောကျေးရွာသို့ ၎င်းပိုင်ဆိုင်ကယ်ဖြင့်သွားရောက်စဉ် ကျေးရွာထိပ်အရောက် ဆိုင်ကယ်ရှေ့မှ လမ်းပိတ်ဆို့ရပ်တန့်ခိုင်းကာ ဓားဖြင့်ထိုးခုတ်၍ဆိုင်ကယ်အား လုယက်ယူဆောင်သွားခဲ့သဖြင့် လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ တရားခံများဖြစ်ကြသည့် သန်းစိုးဦး(ခ) တက်တူး၊ မောင်မောင်ကြည်၊ ရဲဝင်း(ခ) ကျော်စွာဝင်းတို့ ၃ ဦးနှင့် ဆိုင်ကယ်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံချစ်ကိုကို နှင့် မျိုးကျော်ကျော်တို့ ၂ ဦးအား ဥပဒေနှင့် အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန်တရားခံများကို ထပ်မံဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းအား ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၃ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၂ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

(၁၀၀)

# ဟသ်ာတမြို့နယ်၌ ကျောင်းဆရာမ(ငြိမ်း) အမျိုးသမီး ၁ ဦးကိုသတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့်ငွေများလုယက်ယူဆောင်သွားသူ တရားခံအမျိုးသား ၂ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

ဟသ်ာတမြို့နယ်၌ ကျောင်းဆရာမ (ငြိမ်း) အမျိုးသမီး ၁ ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများလုယက်ယူဆောင်သွားသူ တရားခံ အမျိုးသား ၂ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊ နဲမနိတ်ကျေးရွာနေ ဒေါ်လှလှဝင်း (၇၁)နှစ်ကျောင်းဆရာမ(ငြိမ်း)သည်ဩဂုတ်လ ၂၁ရက်မွန်းလွဲပိုင်းကနေအိမ်အနောက်ဘက်ရှိ ရေချိုးခန်းဝင်ပေါက်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး လက်ကိုင်ဖုန်း ၁ လုံး၊ ရွှေထည်ပစ္စည်းနှင့် ငွေများပျောက်ဆုံးလျက်ရှိကြောင်း သတင်းအရ နိဗ္ဗာန်နယ်မြေရဲစခန်း (ပ)၂၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၂၇ ရက် မွန်းလွဲပိုင်းတွင် တရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဟသ်ာတမြို့နယ်၌ ကျောင်းဆရာမ(ငြိမ်း) အမျိုးသမီး ၁ ဦးအား သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသား ၂ ဦးအား သက်သေခံပစ္စည်းများ နှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

(၁၀၀)

# နီပေါမှာရုတ်တရက်ရေကြီးမှု သေဆုံးသူ ၅၄၇ ဦးရှိလာ


ခတ္တမန္ဒူ၊ သဘာ၀ဘေး

နီပေါနိုင်ငံနဲ့ တရုတ်နိုင်ငံနယ်စပ်မှာ ဖြစ်ပွားတဲ့ ရုတ်တရက်ရေကြီးမှုအတွင်း သေဆုံးသူအရေအတွက်ဟာ ဩဂုတ်လ ၂၈ ရက်အရောက်မှာ ၅၄၇ ဦးအထိရှိလာပြီလို့ တာဝန်ရှိသူများက ထုတ်ပြန်ထားပါတယ်။

သေဆုံးသူအများစုက ချစ်ဝမ်ခရိုင်မှ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ပျောက်ဆုံးနေသူဦးရေဟာ ၉၀၀ ကျော်အထိရှိနေဆဲဖြစ်ပါတယ်။ အဲဒီထဲကမှ အယောက် ၅၀၀ ကျော်ဟာ နိုင်ငံခြားသားများဖြစ်ပါတယ်။ နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများကတော့ ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းများကို အစွမ်းကုန်အင်တိုက်အားတိုက် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ နောက်ထပ်ရေကြီးမှုတွေ ဆက်လက်ဖြစ်ပေါ်လာနိုင်တယ်လို့ နီပေါတာဝန်ရှိသူများက ဩဂုတ်လ ၂၈ ရက်မှာသတိပေးထားပါတယ်။ အကြောင်းရင်းကတော့ ပထမအကြိမ်ရေကြီးမှုဖြစ်ပွားခဲ့တဲ့ ဘိုကိုရှီမြစ်ကြောင်းထဲမှာ ရွှံ့ညွှန်တွေနဲ့အပျက်အစီးတွေဟာ ရေစီးနဲ့အတူ မျောပါလာနေတာကို တွေ့ရတဲ့အတွက် ဖြစ်တယ်လို့ တာဝန်ရှိသူများကပြောပါတယ်။ ထို့အတူ နောက်ထပ်ရေကြီးမှုဖြစ်ပွားနိုင်တဲ့နေရာမှာ နေထိုင်နေသူများနဲ့ ကယ်ဆယ်ရေးလုပ်နေသူများအနေနဲ့ သတိဝီရိယရှိရှိ နေထိုင်ဖို့၊ လိုအပ်ပါက ဘေးကင်းရာကို အမြန်ဆုံးရွှေ့ပြောင်းဖို့ အမျိုးသားသဘာဝဘေးလျော့ပါးရေးနဲ့ စီမံခန့်ခွဲရေးဌာနက သတိပေးထားပါတယ်။

Ref: Xinhua



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


**ပျောက်ဆုံးကြောင်း**
ချစ်မျိုးအောင်(ဘ)ဦးအောင်မျိုးသူ ၉/မခန (နိုင်)၂၆၂၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တင်တင်မော်(ဘ)ဦးသိန်းဇံ ၁၂/ရကန(နိုင်) ၀၆၁၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၄၇၁၃၆

**ပျောက်ဆုံးကြောင်း**
စိုးသီဟ(ဘ)ဦးခင်မောင်ရီ ၅/ဝသန(နိုင်) ၀၄၆၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၈၆၄၂၇၅

**ပျောက်ဆုံးကြောင်း**
ရွှေရည်ဦး(ဘ)ဦးကျော်ရွှေ ၁၄/ညတန(နိုင်) ၂၁၄၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၂၆၃၀၇၉

**ပျောက်ဆုံးကြောင်း**
ညီညီလွင်(ဘ)ဦးစန်းလွင် ၁၂/မဂတ(နိုင်) ၁၀၁၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းနိုင်(ဘ)ဦးမြထက် ၈/စလန(နိုင်) ၁၄၃၈၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 932366)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၆)
# (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆ |
| | | | ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

**ဖခင်အမည်မှန်**

အထက(၁၁)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-8 မှ မနှောင်းခွာညိုဦး၏ ဖခင် ဦးချစ်ကိုကို၏အမည်မှန်မှာ ဦးချစ်ကို ၁၄/တကက(နိုင်)၀၂၉၄၂၆ ဖြစ်ပါကြောင်း။

**ဦးချစ်ကို**

**အမည်ပြောင်း**

အထက(၂)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ ဦးကံထူး ၁၄/ပပတ(နိုင်)၁၇၆၅၉၃ ၏သမီး မသံဇဥ်ချိုအား မသံစဥ်ချိုဟုပြောင်းလဲခေါ်ဆိုပါရန်။

**မသံစဥ်ချို**

**ဖခင်အမည်မှန်**

အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ နော်စီစီးလျာ၏ဖခင် စောဝေလဆယ်၏အမည်မှန်မှာ စောဝေးလယ်စယ် ၁၄/ပသန(နိုင်)၀၁၃၀၄၁ ဖြစ်ပါကြောင်း။ **စောဝေးလယ်စယ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ကံကလေးကျေးရွာအုပ်စု၊ ကံကလေးရွာနေ အဘ ဦးစောဖေသန်း၏သား စောဘဦး(ခ)ဦးဘဦး ၇/ညလပ(နိုင်)၁၃၀၄၈၉ မှာ အမည်နှစ်မျိုးကွဲလွဲသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

**စောဘဦး(ခ)ဦးဘဦး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ကံကလေးကျေးရွာအုပ်စု၊ ကံကလေးရွာနေ အဘ ဦးစောဂျက်၏သား ဦးစောလားဆက်(ခ)စောလားဆက် ၇/ညလပ(နိုင်)၁၃၀၂၀၅၈၈ မှာ အမည်နှစ်မျိုးကွဲလွဲသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

**ဦးစောလားဆက်(ခ)စောလားဆက်**

**ပျောက်ဆုံးကြောင်း**

ဟိုပုံးမြို့နယ်၊ ဟွေ့ပေါးရွာနေ နန်းငင်း(ဘ)ဖြားဆံကျော် ၁၃/ဟပန(နိုင်)၁၀၀၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၅၅၂၂၅၄၃**

**ပျောက်ဆုံးကြောင်း**

တောင်ငူမြို့၊ ၁၁/ကန်တော်လမ်းနေ ငြိမ်းချမ်းအောင်(ဘ)ဦးတင်အောင် ၇/တငန(နိုင်)၁၁၁၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**အမည်ပြောင်း**

အထက(၇)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-6 မှ ဦးအောင်သန်း ၁၀/ကထန(နိုင်)၀၂၈၃၇၃၏သမီး မအေးသီတာအောင်အား မအေးသန္တာအောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မအေးသန္တာအောင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)ရှိ ဦးကျော်တင့်(ဘ)ဦးကျောင်းခမ်း ၁/ဗမန(နိုင်)၀၄၆၄၀၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(၁၉၀၉)၊ ဧရိယာ(၀.၀၈၂)ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးဖွဲ့ထက်(ဘ)ဦးခင်ရွှေ ၁၁/ဂမန(နိုင်)၀၄၁၄၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၄)၊ မြတ်ဝတ်ရည်လမ်းနေ ဦးသိန်းထွန်း(၁၂/မဂဒ(နိုင်)၀၀၄၇၅၂)ကိုင်ဆောင်သူမှ(အလျား ၂၇'-၀"x အနံ ၃၅'-၀")RC(၁)ထပ်သွပ်မိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၊ ကွင်းအမှတ်(၁၇/စ/ကျီတော်ကုန်း)၊ ဦးပိုင်အမှတ်(၁၇/၂၀၉)နေ ဦးနေဝင်းနိုင်(၉/မကန(နိုင်)၀၇၀၈၁၇) ကိုင်ဆောင်သူမှ(အလျား ၂၉'-၀"xအနံ၇၉'-၀")Steel Structure(၁)ထပ် Slab အမိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၂)ရပ်ကွက်၊ အမှတ်(၂၇)လမ်း၊ ဦးပိုင်အမှတ်(H-၃၇/၆၃)၊ ကွင်း/အကွက်အမှတ်(၁၄၆၈-ဝမ်းတွင်းမြို့)နေ ဒေါ်သီတာဆွေ(၉/မတရ(နိုင်)၀၂၇၃၅၇)ကိုင်ဆောင်သူမှ(အလျား ၃၅'-၀"x အနံ ၅၅'-၀")ဝိုင်းအတွင်း(အလျား ၂၅'-၀"x အနံ ၄၅'-၀")RC(၁)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့၊ အုန်းချောင်းကျေးရွာနေ နော်အယ်မူးထူး(ဘ)စောဖားယူ ၁၄/ရသယ(နိုင်)၀၀၈၃၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၃၆၁၄၅၉၉**

**ပညာဘဏ်တိုက်စာကြည့်တိုက်**

**ဖခင်အမည်မှန်**

အထက(၃)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-6 မှ မောင်ထူးအောင်ခန့်၏ ဖခင် ဦးရဲမင်းလတ်၏အမည်မှန်မှာ ဦးမင်းရဲလတ် ၁၄/ပသန(နိုင်)၂၀၆၄၁ ဖြစ်ပါကြောင်း။

**ဦးမင်းရဲလတ်**

**ပျောက်ဆုံးကြောင်း**

စိုင်းမိုးဇင်(ဘ)ဦးကြည်လွင် ၇/ကပက(နိုင်)၀၉၉၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

ဇော်မျိုးထက်(ဘ)ဦးကျော်လွင်၈/ဆဖန(နိုင်)၀၈၀၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 804719)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

စည်သူဟိန်း(ဘ)ဦးကျော်မင်းနိုင်၁၂/သလန(နိုင်)၁၈၀၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၆၅၉၀၉၈**

**ပျောက်ဆုံးကြောင်း**

အေးယုစံ(ဘ)ဦးသိန်းစိုး ၈/ငဖန(နိုင်)၀၃၀၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၄၁၅၄၁၁**

**ပျောက်ဆုံးကြောင်း**

ခင်မြမူ(ဘ)ဦးတင်ရှိန် ၃/လဘန(နိုင်)၁၃၅၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 012678)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အဘ ဦးကြွယ်လေး၏သား ၇/သကန(နိုင်)၁၅၅၄၀၃ ကိုင်ဆောင်သူ ဦးလွင်မျိုးသော်(ခ)ဦးလွင်ဖြိုးသော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလွင်မျိုးသော်(ခ)ဦးလွင်ဖြိုးသော်**

**ပျောက်ဆုံးကြောင်း**

စန္ဒာလှိုင်(ဘ)ဦးသံချောင်း ၈/မသန(နိုင်)၁၆၀၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၉၆၇၁၁၀**

**ပျောက်ဆုံးကြောင်း**

ရန်မျိုးအောင်(ဘ)ဦးဝင်းနိုင် ၈/နမန(နိုင်)၂၄၅၃၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

ခိုင်ဆွင်းလျှန်း(ဘ)ဦးအွန်းဇပေါင် ၄/တတန(နိုင်)၀၀၁၄၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၄၀၁၇၆၀၃**

**ပျောက်ဆုံးကြောင်း**

မာန်လိုင်း(ဘ)ဦးငိုင်းကီးမာန် ၄/မတန(နိုင်)၀၄၃၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

မူမူအေး(ဘ)ဦးလှအောင် ၃/ဘအန(နိုင်)၀၁၅၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 054652)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**

နော်ခင်လေးကြည်(ဘ)ဦးစောလွင်အေး ၃/လဘန(နိုင်)၁၃၅၅၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 575120)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**

ဘိုဘိုမင်း(ဘ)ဦးမင်းနိုင်ဦး ၁၃/တကန(နိုင်)၂၉၂၉၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၆၄၂၁၉၂၀**

**ပျောက်ဆုံးကြောင်း**

တင်ဇာလှိုင်(ဘ)ဦးစိုးလှိုင် ၇/ပခန(နိုင်)၃၂၅၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 184724)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၀၀၀၆၆၁**

**ပျောက်ဆုံးကြောင်း**

မမီနေး(ဘ)ဦးအာထူ ၁၃/မလန(နိုင်)၀၆၅၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 510014)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၃၈၄၀၃၉၈**

**ပျောက်ဆုံးကြောင်း**

နိုင်နိုင်မာ(ဘ)ဦးဇော်ဝမ်း ၁၄/ဝခမ(နိုင်)၃၂၂၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 849083)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

**ပျောက်ဆုံးကြောင်း**

နန်းဖောင်းနွန်း(ဘ)ဦးအိုက်ရီသန်း ၁၃/ကတန(နိုင်)၁၂၇၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 516708)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၂၂၃၃၀**

**ဖခင်အမည်မှန်**

မိတ္ထီလာစီးပွားရေးတက္ကသိုလ်(အဝေးသင်-စတုတ္ထနှစ်)မှ မသန္တာအောင်၏ဖခင် ဦးမောင်စိုး၏အမည်မှန်မှာ ဦးလှစိုး ၉/ပဗသ(ပြု)၀၀၀၀၀၂ ဖြစ်ပါကြောင်း။

**ဦးလှစိုး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုင်းတုံမြို့၊ ရတနာကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ အဘ ဦးရာဇာစိုး၏သမီး မသက်စုကျော် ၁၃/ကတန(နိုင်)၂၂၄၀၃၁ နှင့် မစုလာတ်ဝင့်ထည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မသက်စုကျော်(ခ)မစုလာတ်ဝင့်ထည့်**

**ပျောက်ဆုံးကြောင်း**

လှလှနွယ်(ဘ)ဦးလှတင် ၁၂/ဒဂန(နိုင်)၀၁၉၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၃၈၁၉၀၂၄**

**ပျောက်ဆုံးကြောင်း**

အောင်စည်ငြိမ်း(ဘ)ဦးမျိုးမြင့်ဦး ၇/ပမန(နိုင်)၁၇၈၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၄၄၈၂၈**

**ပျောက်ဆုံးကြောင်း**

လွင်မိုးလှိုင်(ဘ)ဦးစံလှိုင် ၁၂/သကတ(နိုင်)၀၉၈၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၈၆၂၄၀**

**ပျောက်ဆုံးကြောင်း**

မိုးမိုးခိုင်(ဘ)ဦးတင်ဦး ၈/သရန(နိုင်)၀၀၀၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၆၅၇၁၁၁**



ဒဂုံ နှင့်အတူ ဝုတ်ယူလိုက်ပါ
ABA
Prize Jury 2016
DAGON
Lemon Tea
Fresh
LEMON
MALTA FRESH
DAGON Lemon Barley Sparkling
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစောMြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်  ဩဂုတ်  ၂၈

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညိုစောသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံဆွေးနွေးပွဲများနှင့် စီးပွားရေးဖိုရမ်များကျင်းပနိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြားသဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရလဒ်ကောင်းများ ရရှိခဲ့မှု၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော် **စာမျက်နှာ ၆ ကော်လံ ၁ ➧**



ဒုတိယသမ္မတဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၉)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)တို့မှ ဗိုလ်လောင်းများ၏ စစ်လက်ရုံးရွေးချယ်ပွဲများသို့ တက်ရောက်စိစစ်ရွေးချယ် စာ - ၁၇ သို့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး၊ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး စာ - ၁၆ သို့

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲ ဆက်လက်ကျင်းပ



နေပြည်တော်  ဩဂုတ်  ၂၈

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်ကာ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား)သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ် **စာမျက်နှာ ၂၇ ကော်လံ ၃ ❖**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်  ဩဂုတ်  ၂၈

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေသဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ **စာမျက်နှာ ၂၂ ကော်လံ ၁ ●**



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

# ကလေးမြို့နယ်တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော်  ဩဂုတ်  ၂၈

ကလေးမြို့နယ်တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် **စာမျက်နှာ ၂၆ ကော်လံ ၃ ➥**




တရားခံ ဒိုးရှန်းမန်(ခ)မာန်ဖွေ့၊ ဇမ်းလျန်းပုမ်း(ခ)လျန်ပီး၊ မဇင်လမ်မာန်နှင့် ဟောက်ခန့်ခွာလ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

ဂျပန်နိုင်ငံတွင်ကျင်းပမည့် နိုင်ငံတကာလူငယ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၇ အသင်းဖိတ်ကြားခံရ စာ - ၂၅ သို့

နီပေါမှာရုတ်တရက်ရေကြီးမှု သေဆုံးသူ ၅၄၇ ဦးရှိလာ စာ - ၂၉ သို့